ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၂ ရက်၊ တနင်္လာနေ့၊ (1-9-2008) (၅၇၈၈)

အပ္ပမာဒေါ စ ဓမ္မေသု တေံ မင်္ဂလ မုတ္တမံ

တရား၌ မမေ့လျော့ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော်　　စက်တင်ဘာ　　၁

၂၀၀၈ ခုနှစ်၊ စက်တင်ဘာ ၁ ရက်တွင် ကျရောက်သော ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အစ္စလမ် အဗ္ဗဒူဂါနီဗစ်ရှ် ကာရီမော့ဗ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လစ်ဗျားနိုင်ငံအကြီးအကဲထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　စက်တင်ဘာ　　၁

၂၀၀၈ ခုနှစ်၊ စက်တင်ဘာ ၁ ရက်တွင် ကျရောက်သော လစ်ဗျားနိုင်ငံ၏ တော်လှန်ရေးနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ လစ်ဗျားနိုင်ငံ အကြီးအကဲ ဗိုလ်မှူးကြီး မူအာမား အယ်လ် ကဒါဖီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဘုန်းတော်ကြီး ပရိယတ္တိစာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန်　　ဩဂုတ်　၃၁

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ပရိယတ္တိစာသင်တိုက် လေးတိုက်သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းရှိ သာခု ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို၍ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

လက်ခံ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ပရိယတ္တိစာသင်တိုက် လေးတိုက်သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်များထံမှ အလှူငွေများကို လက်ခံစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror — ပြည်သူ့ဆန္ဒအမှန်ကို နာခံလေးစားကြပါစို့

"တည်ငြိမ်အေးချမ်းမှု မပျက်ယွင်းဘဲ ဖွံ့ဖြိုးတိုးတက်မှုတွေ အခိုင်အမာတည်ဆောက်ရင်း အားလုံးလိုလားဆန္ဒရှိကြတဲ့ ဒီမိုကရေစီပန်းတိုင်ကို အရောက်လှမ်းနိုင်မယ့် လမ်းကြောင်းမှန်ပေါ်မှာ ဒီနေ့ရောက်နေပြီဆိုတာ မမေ့စေလိုပါ။ ၂၀၁၀ ရွေးကောက်ပွဲမှာ ပြည်သူ့အဆုံးအဖြတ်ကို ခံယူပြီး ပြည်သူနဲ့တစ်သားတည်းဖြစ်စေမယ့် လမ်းကြောင်းသည်သာ အသင့်မြတ်ဆုံး ဖြစ်ပါလိမ့်မယ်။"

ကျော်မင်းလူ(ရွှေပြည်သာ)၏ **"ပြည်သူ့ဆန္ဒအမှန်ကို နာခံလေးစားကြပါစို့"**

(ဆောင်းပါး) စာမျက်နှာ- ၆

အတည်ပြုချိန် ၂း၀၀

ကြေးမုံ
The Mirror
၁-၉-၂၀၀၈
(တနင်္လာနေ့)

ကျန်းမာရေးလေ့ကျင့် အစားချင့်၍ ဆီးချိုသွေးချိုရောဂါ သတိပြုကာကွယ်

ကမ္ဘာပေါ်တွင် ဆီးချိုရောဂါဝေဒနာရှင်ပေါင်း သန်း ၂၃၀ ကျော် ရှိပြီး ရောဂါဖြစ်ပွားသူ နှစ်စဉ်တိုးလာနေကြောင်း အပြည်ပြည်ဆိုင်ရာ ဆီးချိုဖက်ဒရေးရှင်း(IDF)က ထုတ်ပြန်ထားသည်။ သို့သော် ဆီးချိုဝေဒနာရှင် ထက်ဝက်ခန့်မှာ မိမိတို့၌ ဆီးချိုရောဂါရှိမှန်းမသိကြဟု သိရသည်။

ဆီးချိုရောဂါသည် ခန္ဓာကိုယ်အတွင်း၌ အင်ဆူလင်ခေါ် ဓာတ်တစ်မျိုး ထုတ်လုပ်မှု ချို့ယွင်းဖောက်ပြန်သောကြောင့် ဖြစ်ပွားသည့် ရောဂါဖြစ်သည်။ လူတို့နေ့စဉ်စားသုံးနေသော အစားအသောက်များထဲတွင် ဂလူးကို့စ်ခေါ် သကြားဓာတ်တစ်မျိုး ပါဝင်လျက်ရှိရာ အင်ဆူလင်မရှိပါက သကြားဓာတ်မှရရှိသော စွမ်းအင်ကို အသုံးပြုနိုင်တော့မည် မဟုတ်ပေ။

ဆီးချိုရောဂါရှိသူများသည် အာခေါင်ခြောက်၍ ရေငတ်ခြင်း၊ ဆီးမကြာခဏသွားခြင်း၊ အားအင်ကုန်ခန်း၍နုံးနေခြင်း၊ မကြာခဏ ဆာလောင်ခြင်း၊ ဒဏ်ရာများအကျက်နှေးခြင်း၊ ရောဂါဟောင်းများ ပြန်ပေါ်လာတတ်ခြင်းနှင့် အမြင်အာရုံချို့ယွင်းခြင်းများ ဖြစ်ပေါ်တတ်ကြောင်း သိရသည်။

ထို့အပြင် အရွယ်ရောက်ပြီးသူ လူငယ်များတွင် နှစ်ခြိုက်စွာ အိပ်ပျော်သည့်အချိန် နည်းပါးလာလျှင် သွေးအတွင်းရှိ သကြားဓာတ် ထိန်းချုပ်နိုင်မှု စွမ်းရည်လျော့ပါးလာကာ အမျိုးအစား(၂) ဆီးချိုရောဂါဖြစ်ပေါ်ရန် အလားအလာ များပြားသည်။ အိပ်ချိန် လုံလောက်စွာ ရရှိရေးနှင့်နှစ်ခြိုက်စွာ အိပ်ပျော်စေရေး ဂရုပြုကြရမည် ဖြစ်သည်။

ဆီးချိုရောဂါမျိုးရိုးရှိသူ၊ အဝလွန်သူ၊ ကျန်းမာရေးလေ့ကျင့်မှု နည်းပါးသူ၊ အဆီအဆိမ့်များစွာ စားသုံးပြီး အသီးအနှံစားသောက်မှု နည်းပါးသူများသည် ဆီးချိုရောဂါရှိ၊ မရှိ ကျန်းမာရေးစစ်ဆေးကြပြီး ရောဂါရှိပါက စနစ်တကျ နေထိုင်စားသောက်၍ ဆေးဝါးကုသမှု ခံယူကြရမည်ဖြစ်သည်။

ပြည်သူများအနေဖြင့် ဆီးချိုရောဂါလက္ခဏာများ ခံစားတွေ့ရှိလာပါက ထိရောက်သောကုသမှုခံယူခြင်း၊ အဝမလွန်စေရန် မှန်တသောကျန်းမာရေးလေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ အဆီအဆိမ့်များသော အစားအစာများ ရှောင်ရှား၍ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများများ စားသုံးခြင်းတို့ဖြင့် ဆီးချို သွေးချိုရောဂါ ကင်းရှင်းစေရေး သတိပြုကာကွယ် သွားကြရမည်ဖြစ်ပါသည်။ ။

ဌာနဆိုင်ရာနှင့် ပြည်နယ်နှင့်တိုင်း ကရာတေးဒို ကလပ်အသင်းများ မှတ်ပုံတင်ရမည်

ရန်ကုန် ဩဂုတ် ၃၁

မြန်မာ့ကရာတေးဒို အားကစားနည်းဖွံ့ဖြိုးတိုးတက်ရေးနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအပါအဝင် အပြည်ပြည်ဆိုင်ရာ ကရာတေးဒိုပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့ကရာတေးဒို အားကစားသမားများထွက်ပေါ်လာရေးအတွက် ဌာနဆိုင်ရာ ကရာတေးဒိုကလပ်အသင်းများ၊ ပြည်နယ်နှင့်တိုင်း အသီးသီးတို့ရှိ ကရာတေးဒိုကလပ်အသင်းများ၏ နည်းစနစ်ပိုင်းကို ခေတ်နှင့်အညီ အစဉ်ဖွံ့ဖြိုးတိုးတက်နေပြီး မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က ပြုလုပ်သော ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခြင်း၊ သင်တန်းများတက်ရောက်ခြင်းနှင့် နိုင်ငံတော်အတွက် အလားအလာရှိသော အားကစားသမားကောင်းများ မွေးထုတ်ပေးခြင်းတို့သည် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်နှင့် ကလပ်အသင်းများအကြား အလေးထား ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည်။

ထို့အပြင် ကရာတေးဒိုကလပ်အသင်းများ စနစ်တကျဖွဲ့စည်းလျက် မိမိတို့ အားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင်မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်နှင့် ကရာတေးဒိုကလပ်အသင်းများအကြား အချိန်နှင့်တစ်ပြေးညီဆက်သွယ်ဆောင်ရွက်သွားနိုင်ရေးအတွက်ကရာတေးဒိုကလပ်အသင်းများ အနေဖြင့်မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်တွင်မှတ်ပုံတင်ရမည်ဖြစ်သည်။

သို့ဖြစ်၍ ဌာနဆိုင်ရာကရာတေးဒိုကလပ်အသင်းများအပါအဝင် ပြည်နယ်နှင့်တိုင်း အသီးသီးတို့ရှိ ကရာတေးဒို ကလပ်အသင်းများအနေဖြင့် အသင်းတာဝန်ခံအမည်၊ ကလပ်အသင်းတည်ရှိရာ၊ စတင်တည်ထောင်သည့် ခုနှစ်၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ လက်ရှိနည်းပြနှင့်အားကစားသမားအင်အားတို့ကို ဖော်ပြ၍ ဌာနဆိုင်ရာ ကရာတေးဒိုကလပ်အသင်းများအတွက် သက်ဆိုင်ရာ အားကစားနှင့်ကာယပညာကော်မတီ၏အတည်ပြုထောက်ခံချက်၊ပြည်နယ်နှင့် တိုင်းအသီးသီးတို့ရှိ ကရာတေးဒိုကလပ်အသင်းများအတွက် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း အားကစားနှင့် ကာယပညာကော်မတီ၏အတည်ပြု ထောက်ခံချက်တို့ဖြင့် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်(ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း)သို့ ဆက်သွယ်ပေးပို့မှတ်ပုံတင်ရမည်ဖြစ်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ဖုန်း ၀၁-၃၇၉၉၃၉သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား
✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၃၁

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၉ရက် ညနေ ၄ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တက္ကသိုလ်၊ ကောလိပ်များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ယာဉ်လိုင်းဥက္ကဋ္ဌများက တက္ကသိုလ်ကြိုပို့ယာဉ်များဆိုင်ရာ ကိစ္စရပ်များ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် စီမံဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၃၁

လေဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာတွင် စာသင်ကျောင်းများပြုပြင်ရန် လိုအပ်မှုအခြေအနေနှင့် ကျောင်းသုံးပရိဘောဂ လိုအပ်ချက် ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၃၀ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီး မီးသတ်ဦးစီးဌာန(ရုံးချုပ်)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ လေဘေးသင့်ဒေသများ၌ ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ စာသင်ကျောင်းများ ပြုပြင်ရန် လိုအပ်မှုအခြေအနေနှင့်ကျောင်းသုံး ပရိဘောဂ လိုအပ်ချက် ညှိနှိုင်း အစည်း အဝေးတွင် အမှာစကား ပြောကြားစဉ်။ (လူမှုဝန်ထမ်း)

ပြောကြား

ထို့နောက် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးဆပ်ကော်မတီဥက္ကဋ္ဌ၊လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားရာတွင် လေဘေးသင့်ဒေသ အထူးသဖြင့် ဧရာဝတီတိုင်းအတွင်းရှိမျိုးဆက်သစ်များအတွက် ပညာရေးအခြေခံ အုတ်မြစ်တည်ဆောက်ရန် ကြိုးစားလျက်ရှိကြောင်း၊ ပျက်စီးသွားသော ကျောင်းများကို ရာခိုင်နှုန်းပြည့် ပြန်လည်တည်ဆောက်ရန် စီစဉ်ထားကြောင်းနှင့် မုတ်သုံရာသီကုန်ဆုံး၍ တည်ဆောက်ရေးလုပ်ငန်းများ ပြုလုပ်မည့်

အချိန်ရောက်ရှိလာပါက နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့်စာသင်ကျောင်းများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းနှင့်ကျောင်းသုံးပရိဘောဂ လိုအပ်ချက်များကို အလေးထား၍ ဆောင်ရွက်ပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်တက်ရောက်လာကြသော ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများက မိမိတို့၏ အဖွဲ့အစည်းများအလိုက် ဆောင်ရွက်ပေးမည့် အစီအစဉ်များကို တင်ပြကြပြီး ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၀၈ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပထမအကြိမ် အလှူငွေပေးအပ်ပွဲသို့ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်

နေပြည်တော်　　ဩဂုတ်　၃၁

၂၀၀၈ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပသည်။

၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအတွက် ဝန်ကြီးဌာနများက လှူဒါန်းငွေကျပ် ၃၆၉ ဒသမ ၂၅သိန်း၊ ဘဏ်များက လှူဒါန်းငွေကျပ် ၂၈၁သိန်းနှင့်ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီများနှင့် ဟိုတယ်များက လှူဒါန်းငွေကျပ် ၁၁၆ ဒသမ ၅သိန်း၊ စုစုပေါင်း ငွေကျပ် ၇၆၆ ဒသမ ၇၅ သိန်း တို့ကို လှူဒါန်းကြရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဘဏ္ဍာငွေ ရှာဖွေရေးနှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ ဘဏ္ဍာငွေ ရှာဖွေရေးနှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီ အတွင်းရေးမှူး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးထွန်းကြည်တို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။ (သတင်းစဉ်)

၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်ထံ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

ဒုတိယဝန်ကြီး ဒေါက်တာမြဦး ဆေးရုံများ ကြည့်ရှုစစ်ဆေး

ရန်ကုန်　ဩဂုတ်　၃၁

ဗဟိုအဆင့် ဆေးရုံကြီးများ၏ ဆေးကုသမှုအရည်အသွေး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၂၈ ရက်တွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်)ခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အမှာစကား ပြောကြားသည်။

အစည်းအဝေးအပြီးတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဗဟိုအမျိုးသမီးဆေးရုံကြီး ပြင်ပလူနာဌာနရှိ ကိုယ်ဝန်ဆောင်မိခင်များ စမ်းသပ်စစ်ဆေးပေးမှုလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဗဟိုအမျိုးသမီးဆေးရုံကြီးဓာတ်မှန်ဌာနရှိ ဓာတ်မှန်စက်များ၊ Ultrasound တီဗွီဓာတ်မှန်များအသုံးပြုမှု အခြေအနေနှင့် လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးကာ ရောဂါရှာဖွေရေးဌာနရှိသွေးလှူဘဏ်ဇီဝဓာတုဗေဒဌာန၊ သွေးဗေဒ၊ အဏုဇီဝဗေဒနှင့် ကပ်ပါးပိုးဗေဒ၊ အသားမျှင်လေ့လာခန်း၊ အထူးကြပ်မတ်ကုသခန်း၊ ခွဲစိတ်ခန်း၊ မွေးကင်းစကလေးအထူးကြပ်မတ်ကုသဆောင်ရှိ မကျန်းမာသော ကလေးများ အထူးပြုစုကုသနေမှုများ၊ သားဖွားခန်းများကိုလိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့်အဖွဲ့သည် ရန်ကုန်ကလေးဆေးရုံကြီး ဓာတ်မှန်ဌာနရှိ ဓာတ်မှန်စက်များ၊ Ultrasound တီဗွီဓာတ်မှန်အသုံးပြုမှု၊ မွေးကင်းစဆောင်၊ ဆေးကုသဆောင်(၁)၊ အထူးကြပ်မတ်ကုသခန်း၊ ဦးနှောက်နှင့် အာရုံကြောရောဂါ အထူးကုသခန်း၊ ခွဲစိတ်ကုသဆောင်(၃)၊ ရောဂါဗေဒဌာနရှိ သွေးဘဏ်၊ သွေးဗေဒဌာန၊ ရောဂါရှာဖွေရေးစက်၊ အသားမျှင်ဗေဒဌာန၊ ရောဂါရှာဖွေစိစစ်ရေး ဓာတ်ခွဲခန်းများကိုလည်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ဗဟိုအဆင့်ဆေးရုံကြီးများ၏ ဆေးကုသမှု အရည်အသွေး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(ကျန်းမာရေး)

လက်ကားကုန်စည်ဒိုင်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန်　ဩဂုတ်　၃၁

လက်ကားကုန်စည်ဒိုင်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး**(အောက်ပုံ)** အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က ၂၀၀၈ ခုနှစ် မတ် ၂၄ ရက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၌ ရိုးရာအစဉ်အလာမပျက်စေဘဲ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်သော ကုန်စည်ဒိုင် ပေါ်ပေါက်ရေး စားပွဲဝိုင်းဆွေးနွေးပွဲ၏ ဆုံးဖြတ်ချက်(၇၄)ချက်အနက် အသင်းချုပ်က လုပ်ဆောင်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက "စံချိန်စံညွှန်း" အရေးကြီးပုံကိုလည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လယ်ယာထွက်ကုန်များအတွက် အပင်ပိုးမွှားစစ်ဆေးခြင်းလုပ်ငန်းနှင့် အရည်အသွေးထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးကိုလည်းကောင်း၊ ခေတ်မီကုန်စည်ဒိုင်များ Exchange Centers များအကြောင်းကိုလည်းကောင်း တင်ပြဆွေးနွေးကြပြီး လက်ကားကုန်စည်ဒိုင်များမှ တာဝန်ရှိသူများက လက်ကားကုန်စည်ဒိုင်အခြေအနေများ၊ အခက်အခဲများနှင့် တိုးချဲ့ဖွင့်လှစ်နိုင်ရေးတို့ကို ရှင်းလင်းတင်ပြကြပြီး ညီနောင်အသင်းများနှင့် ပြည်နယ်နှင့် တိုင်းအသင်းများမှ ကိုယ်စားလှယ်များကလည်း ကုန်စည်ဒိုင်များ အခြေအနေတို့ကို တင်ပြဆွေးနွေးကြသည်။

ယင်းဆွေးနွေးပွဲမှ တစ်ပြည်လုံးကုန်စည်ဒိုင်များတွင် အလေး၊ တင်း၊ တောင်း ပြဿနာကို ဖြေရှင်းသည့်အနေဖြင့် ပဲမျိုးစုံဈေးနှုန်းကို သတ်မှတ်ရာတွင် တင်းအပေါ်အခြေမခံဘဲ 'တစ်ပိဿာ'ကို အခြေခံ၍ သတ်မှတ်ရန်နှင့် ကုန်စည်ဒိုင်များတွင် နေ့စဉ် ကုန်ဈေးနှုန်း သတင်းထုတ်ပြန်ရန်တို့ကို သဘောတူညီကြသည်။

ထို့အပြင် သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်း စနစ်တကျဖြစ်ရေးနှင့် တစ်ပြေးညီညှိနှိုင်းပြင်ဆင်ရန်ကိုလည်းကောင်း၊ ကုန်စည်ဒိုင်များအကြား Information Network ထူထောင်လုပ်ကိုင်ရန် ဆုံးဖြတ်ပြီး အသင်းချုပ်အနေဖြင့်လည်း ကုန်စည်ဒိုင်ကြီးကြပ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီတစ်ရပ်ဖွဲ့စည်းရန်ကို လည်းကောင်း ဆုံးဖြတ်ကြသည်။ ကုန်စည်ဒိုင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံ ဆွေးနွေးပွဲကို ပုံမှန်ပြုလုပ်သွားပြီး ကုန်စည်ဒိုင် ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်တစိုက် လုပ်ဆောင်သွားမည်ဖြစ်သည်။

ယင်းနောက် အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်က အစည်းအဝေး ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ သုံးသပ်ရှင်းလင်း ဆွေးနွေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှင်းလင်းဟောပြော

ဩဂုတ် ၃၀ရက် ညနေ ၄ နာရီက မြို့နယ်အတွင်း မူခင်းများလျော့နည်းကျဆင်းရေး ပညာပေးဟောပြောပွဲကို တာမွေမြို့နယ် ပုသိမ်ညွန့် (စံပြ)ရပ်ကွက်၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ညဏ်ဝင်း ဗီဒီယိုပြကွက်များဖြင့် ရှင်းလင်းပြသ ဟောပြောစဉ်။

(၃၂)

ဗြိတိသျှရေတပ်သင်္ဘောသား ၁၈ ဦး မူးယစ်ဆေးဝါးသုံးစွဲကြောင်း စစ်ဆေးတွေ့ရှိ

လန်ဒန် ဩဂုတ် ၃၀

တောင်အတ္တလန္တိတ် ဒေသ၌ တာဝန်ချထားသော ဗြိတိသျှရေတပ် စစ်သင်္ဘောတစ်စင်းပေါ်တွင် တာဝန်ထမ်းဆောင်နေသည့် သင်္ဘောသား ၁၈ ဦးသည် မူးယစ်ဆေးဝါးသုံးစွဲထားသည်ကို စစ်ဆေးတွေ့ရှိရကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဩဂုတ် ၂၈ ရက်တွင် ပြောကြားသည်။

ထိုအဖြစ်အပျက်သည် ဗြိတိသျှရေတပ်သမိုင်းတွင် အကြီးမားဆုံးသော မူးယစ်ဆေးဝါး သုံးစွဲမှုဖြစ်သည်။ ၎င်းသင်္ဘောသားများသည် အိပ်ချ်အမ်အက်စ် လီဗာပူးသင်္ဘောပေါ်မှ သင်္ဘောသားများဖြစ်သည်။ ဗြိတိသျှရေတပ်သည် သင်္ဘောသားများ မူးယစ်ဆေးဝါး သုံးစွဲသည်ကို သည်းခံခွင့်လွှတ်လေ့မရှိပေ။သို့ဖြစ်၍ ၎င်းသင်္ဘောသားအားလုံး စစ်ဆေးအပြစ် ပေးခံရမည် ဖြစ်သည်။

ယင်းဖြစ်ရပ်ကြောင့် စစ်သင်္ဘော၏ လုပ်ငန်းလည်ပတ်မှုကို ထိခိုက်မှုမရှိနိုင်ဟုဆိုသည်။ လီဗာပူးစစ်သင်္ဘောပေါ်တွင် သင်္ဘောသားပေါင်း ၂၄၀ တာဝန်ထမ်းဆောင်လျက် ရှိသည်။ ထိုသင်္ဘောသည် မကြာသေးမီက တောင်ဂျော်ဂျီယာကျွန်း အနီးတွင် ပြုလုပ်သော စစ်ရေးလေ့ကျင့်ပွဲတွင် ပါဝင်ခဲ့သည်။ ပုံမှန်အားဖြင့်ဆိုလျှင် ထိုသင်္ဘောသည် ဖောက်ကလန်ကျွန်း အနီး၌ ကင်းလှည့်တာဝန်ကို ထမ်းဆောင်လျက်ရှိသည်။

ယခင်အခါက စစ်သင်္ဘောကို ကနေဒီယန်ဒေသမှ မူးယစ်ဆေးဝါး မှောင်ခိုများကို နှိမ်နင်းရာ၌ သုံးစွဲခဲ့ဖူးသည်။ သို့သော် ယခုသင်္ဘောသားများ၏မူးယစ်ဆေးဝါးမှုနှင့်အထက်ပါကိစ္စရပ်တို့ဆက်စပ်မှု တစ်စုံတစ်ရာ မရှိဟုဆိုသည်။ အရေးယူခံရသည့် သင်္ဘောသားများတွင် အမျိုးသမီး တပ်ဖွဲ့ဝင် ပါဝင်ခြင်းရှိမရှိ ထည့်သွင်း ကြေညာခြင်းမပြုကြောင်းသိရှိရသည်။

မူးယစ်ဆေးဝါး သုံးစွဲကြောင်း စစ်ဆေးတွေ့ရှိပါက ထိုတပ်ဖွဲ့ဝင်ကို စစ်ဘက်၌ ဆက်လက်တာဝန် ထမ်းဆောင်ခွင့်မပေးကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

အနောက်အုပ်စု၏ အရေးယူမှုသည် ရုရှားကို အထီးကျန်မဖြစ်စေနိုင်ဟု ပူတင်ပြောကြား

မော်စကို ဩဂုတ် ၃၀

ရုရှားနိုင်ငံဝန်ကြီးချုပ်ဗလာဒီမာပူတင်က ရုရှားနိုင်ငံအားအရေးယူရန် အနောက်နိုင်ငံများ၏အဆိုပြုချက်သည် မိမိတို့အား အထီးကျန်ဖြစ်စေနိုင်မည် မဟုတ်ကြောင်း ပြောကြားလိုက်သည်။ ရုရှားနိုင်ငံသည် ၎င်း၏ နိုင်ငံသားများ၏ဂုဏ်နှင့်သိက္ခာကို ဆက်လက်ထိန်းသိမ်းပေးနိုင်မည်ဖြစ်ကြောင်း၊ ၎င်းတို့၏ အသက်အိုးအိမ်စည်းစိမ်ကိုလည်း ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာသို့တရားဝင်ပေးထားသော ကတိကဝတ်များကိုလည်း အပြည့်အဝဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ တစ်နိုင်ငံတည်းအထီးကျန်ဖြစ်လိမ့်မည်မဟုတ်ကြောင်း ဂျာမန်ရုပ်မြင်သံကြားကုမ္ပဏီအေအာဒီနှင့်တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားခဲ့သည်။

ဥရောပသည် အမေရိကန် ကြိုးဆွဲရာကနေရသည်ဟု ပူတင်က ရုရှားရုပ်မြင်သံကြားမှ သောကြာနေ့က စွပ်စွဲပြောကြားလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

လျှပ်စစ်ဓာတ်အားလိုင်းများကို တိုက်မိပြီး မြေပြင်မှ ကားတစ်စီးပေါ်သို့ ထိုးကျပျက်စီးသွားသော လေယာဉ်ငယ်ကို ဩဂုတ် ၃၀ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန်တွင် လေယာဉ်ငယ်တစ်စင်းပျက်ကျ

ဘာဘန့် ဩဂုတ် ၃၀

အမေရိကန်ပြည်ထောင်စု ဘာဘန့်ရှိဘော့ဟုပ်လေဆိပ်သို့ ဆင်းသက်ရန်ကြိုးစားသောလေယာဉ်ငယ်တစ်စင်းသည် လေယာဉ်ပြေးလမ်းကြောင်းကိုကျော်လွန်ကာ ပျက်ကျသွားသော်လည်း လေယာဉ်မောင်းသူနှင့် ခရီးသည်နှစ်ဦးမှာ ဒဏ်ရာအနည်းငယ်သာ ရရှိကြောင်း အာဏာပိုင်များက သောကြာနေ့တွင် ပြောကြားသည်။

ပြည်ထောင်စုလေကြောင်းအုပ်ချုပ်ရေးအဖွဲ့မှ ပြောရေးဆိုခွင့် ရှိသူက ဆက်စနာ- ၁၇၂ လေယာဉ်သည် ည၇နာရီတွင် ကလိုင်းဘောင်းရိပ်သာအတွင်းသို့ ပျက်ကျခဲ့ကြောင်း ပြောကြားသည်။

လေယာဉ်သည်လျှပ်စစ်ဓာတ်အားလိုင်းကြိုးများကိုတိုက်မိပြီး တစ်ပတ်ကျွမ်းပြန်ကျ၍ ရပ်ထားသောကားတစ်စီးပေါ် ထိုးစိုက်ကျကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ မည်သည့်အဆောက်အအုံကိုမျှ တိုက်မိခြင်းမရှိဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

အင်တာနက်။

လောင်စာဆီတင်ယာဉ် ကင်မရွန်းတွင် တိမ်းမှောက် အနည်းဆုံး ၁၀ဦးသေ

ယွန်ဒီ ဩဂုတ် ၃၀

ကင်မရွန်းနိုင်ငံ မြောက်ပိုင်းတွင် လောင်စာများ သယ်ဆောင်လာသော ထရပ်ကားတစ်စီး တိမ်းမှောက်၍ ပေါက်ကွဲမှု ဖြစ်ပွားရာ ၁၀ ဦး သေဆုံးပြီး အများအပြား မီးလောင်ခံရကြောင်း ရဲတပ်ဖွဲ့က သောကြာနေ့တွင်ပြောကြားသည်။

နိုင်ဂျီးရီးယားမှ ချဒ်သို့ လောင်စာဆီပို့သော အဆိုပါ ကားသည် နိုင်ဂျီးရီးယားနယ်စပ်အနီး လီမာနီအရောက်တွင် မှောက်၍ မီးလောင်ပြီး ပေါက်ကွဲကြောင်းရဲတပ်ဖွဲ့၏ပြောကြားချက်ကိုကိုးကား၍ နိုင်ငံပိုင်ရေဒီယိုက အသံလွှင့်သည်။

ဒဏ်ရာရရှိသူအများစုသည် ကားမှောက်စဉ်ယိုဖိတ်လာသောလောင်စာဆီများကို ရယူရန်အတွက် ကားအနီးသို့ ချဉ်းကပ်လာကြသူများဖြစ်သည်။ ၎င်းတို့ ကားအနီး ရောက်စဉ် ကားမီးလောင်ပေါက်ကွဲရာ ၎င်းတို့ပါမီးလောင်ခံရခြင်း ဖြစ်သည်။

အနည်းဆုံး ၁၀ဦးသေဆုံးကြောင်း၊ ဒဏ်ရာရရှိသူ ၂၀ ခန့်ကို ဆေးရုံသို့ ပို့ပေးခဲ့ကြောင်း၊ သေဆုံးသူအရေအတွက် ထပ်မံတိုးလာဖွယ်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်၌ ကယ်ဆယ်ရေးသင်္ဘောနစ်မြုပ် အနည်းဆုံး ၂၀ သေဆုံး

ခတ္တမန္ဒူ ဩဂုတ် ၃၀

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်တွင် ရေဘေးဒဏ်သင့် ဒုက္ခသည်များအား သယ်ဆောင်လာသည့် သင်္ဘောငယ်တစ်စင်းနစ်မြုပ်မှုဖြစ်ပွားရာ အနည်းဆုံး လူ ၂၀ သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ရေကြီးမှုဖြစ်ပွားရာမှ မတော်တဆဖြစ်ပွားမှုကြောင့် သေဆုံးသူ ၇၀ ကျော်ထိ တိုးမြင့်လာသည်။

ကိုဆီမြစ်ကမ်းပါး ကျိုးပေါက်ပြီးနောက် ရေများ တိုးမြင့်လာမှုကြောင့် ထောင်ပေါင်းများစွာသော ပြည်သူများအား ဘေးကင်းရာနေရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

အိမ်နီးချင်းနိုင်ငံ နီပေါတွင် လွန်ခဲ့သော ၁၁ ရက်ကစပြီး ရေကြီးမှုဖြစ်ပွားရာ လူ ၁၀၀၀၀ ကျော် နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရသည်။ ***အင်တာနက်။***

ဂူစတပ် ဝင်မလာမီ ထောင်ပေါင်းများစွာသောလူများ နယူးအော်လင်းမှ ထွက်ခွာ

နယူးအော်လင်း ဩဂုတ် ၃၀

အမေရိကန်ပြည်ထောင်စုပင်လယ်ကွေ့ကမ်းခြေဒေသများသို့ ဂူစတပ်မုန်တိုင်း ဝင်ရောက်တိုက်ခတ်ခြင်း မပြုမီ စနေနေ့ နံနက်ပိုင်းမှစ၍ နယူးအော်လင်းနှင့် ယင်း၏ အစွန်အဖျား ရပ်ကွက်များမှပင် မကျန် ထောင်ပေါင်း များစွာသော လူအုပ်ကြီးသည် ကိုယ်ပိုင်ကားများ၊ ဘတ်စ်ကားများ၊ ရထားများဖြင့် ထွက်ပြေးလျက်ရှိကြသည်။

ကလေးငယ်များ၊ သေတ္တာများ၊ အထုပ်အပိုးများ အပြည့်တင်ဆောင်ထားသောကားများနှင့်အိမ်မွေးတိရစ္ဆာန်များသယ်လာသောနောက်တွဲယာဉ်များသည်မြို့မှမြောက်ဘက်နှင့် အနောက်ဘက်သို့ထွက်သောလမ်းများပေါ်တွင် ပြည့်ကျပ်လျက်ရှိသည်။

တန်းစီစောင့်ဆိုင်း

မြို့လယ်တွင် ကျောပိုးအိတ်များ၊ အစားအသောက် ထည့်ထားသောအိတ်များ သယ်ဆောင်၍ ပူပြင်းလှသော နံနက်ခင်း နေရောင်အောက်တွင်ထောင်ပေါင်းများစွာသောလူအုပ်ကြီးသည် လူဝီစီးယားနားမြောက်ပိုင်းနှင့် အိမ်နီးချင်းပြည်နယ်များသို့ ရှောင်တိမ်းရန်အတွက် ဘတ်စ်ကားများ၊ ရထားများကို တန်းစီစောင့်ဆိုင်းလျက်ရှိကြသည်။

မြို့တော်မှ တာဝန်ရှိသူများက နာမကျန်း ဖြစ်နေသူနှင့် အိုမင်းမစွမ်းရှိနေသူ အနည်းဆုံး ၃၀၀၀၀ ခန့်ကို စနေနေ့အကုန်လောက်တွင်ကယ်ဆယ်ပေးပြီးလိမ့်မည်ဟုမျှော်လင့်ထားသည်။

ရွှေ့ပြောင်းပေးနေ

အများပြည်သူအဆောက်အအုံများတွင် ပြွတ်သိပ်နေသော ပရမ်းပတာဖြစ်နေသည့်လူအုပ်ကြီးကို စနစ်တကျဖြစ်စေရန်၊ကယ်ဆယ်ရေးလုပ်ငန်းများ အစီအစဉ်ကျနရန် လိုအပ်လျက်ရှိသည်။ ကယ်ဆယ်ရေး ကြိုးပမ်းမှုသည် စမ်းတဝါးဝါးဖြစ်လျက်ရှိသည်။

ဆေးရုံများနှင့်ဘိုးဘွားရိပ်သာများမှ လူနာများနှင့် အဘိုး၊ အဘွားများကို သောကြာနေ့ကတည်းက မြို့မှ ရွှေ့ပြောင်းပေးနေကြရာ စနေနေ့အထိ ဆက်လက်ဆောင်ရွက်ကြဆဲဖြစ်သည်။

အဆင့်- ၃ သို့ ရောက်ရှိ

ကယ်ဆယ်ရေးလုပ်ငန်းများ စတင်ပြီးနောက် နယူးအော်လင်းနှင့် အစွန်အဖျား ရပ်ကွက်များတွင် ရဲတပ်ဖွဲ့က ညမထွက်ရ အမိန့်ထုတ်ပြန်မည်ဖြစ်သည်။ဂူစတပ်မုန်တိုင်းသည်ကျူးဘားနိုင်ငံ၏ တောင်ဘက်တွင် ဟာရီကိန်းမုန်တိုင်း အဆင့်- ၃ သို့ ရောက်ရှိနေပြီဖြစ်သည်။ ပင်လယ်ကွေ့ဒေသတက္ကဆက်မှဖလော်ရီဒါအထိလာမည့်ရက် သတ္တပတ်တွင်း ဝင်ရောက်လိမ့်မည်ဖြစ်ကြောင်း မိုးလေဝသဌာနက သတိပေးထားသည်။ ***အင်တာနက်။***

ဩဂုတ် ၃၀ရက်က ဂူစတပ်မုန်တိုင်းအန္တရာယ်မှ လွတ်မြောက်ရေးအတွက် အိုးအိမ်များကို စွန့်ခွာထွက်ပြေးကြသော လူတစ်စု နယူးအော်လင်း မြို့လယ်တစ်နေရာတွင် ကယ်ဆယ်ရေး ဘတ်စ်ကားကို စောင့်နေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ဂျီးရီးယားရေနံလုပ်ငန်းမှ ထောက်ပံ့ရေးသင်္ဘော သေနတ်သမားများပြန်ပေးဆွဲ

လေဂို့စ် ဩဂုတ် ၃၁

သေနတ်သမားများသည်ရေနံလုပ်ငန်းမှ ထောက်ပံ့ရေးသင်္ဘောတစ်စင်းကို နိုင်ဂျီးရီးယားလူမျိုးသင်္ဘောသားရှစ်ဦးနှင့်အတူ ပြန်ပေးဆွဲသွားကြောင်း၊ ယခုတိုက်ခိုက်မှုသည် နိုင်ဂျာမြစ်ဝကျွန်းပေါ်ဒေသတွင် နောက်ဆုံးတိုက်ခိုက်မှုဖြစ်ကြောင်း၊ စစ်ဘက်နှင့်ပုဂ္ဂလိကလုံခြုံရေးဌာနမှ တနင်္လာနေ့တွင် သတင်းရရှိသည်။ နိုင်ဂျီးရီးယားနိုင်ငံ အနောက် အာဖရိကအော့ဖ်ရှိုး (ဒဗ္ဗလျူအေအို) ရေနံကုမ္ပဏီက ပိုင်ဆိုင်သော 'ဘီနျူး' သင်္ဘောသည် အမေရိကန် ချီဗရွန်းက စီမံခန့်ခွဲသော အက်ဘာမီ ကမ်းလွန်ရေနံတွင်းမှ ရေဗားပြည်နယ်အွန်နီးသို့ ပြန်လာစဉ် ဩဂုတ်၂၄ရက်က ဖမ်းဆီးခံရခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အိန္ဒိယနိုင်ငံ ကက်ရှ်မီးယားမြို့တော် ဆရီနာဂါတွင် ညမထွက်ရန် အမိန့်ထုတ်ထားရာ အိန္ဒိယ ရဲတပ်ဖွဲ့ဝင်များ စောင့်ကြပ်နေသည်ကို ဩဂုတ် ၂၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကနေဒါတွင် အစာအဆိပ်သင့်၍ ၁၂ဦး သေဆုံးခဲ့ အသားညှပ်ပေါင်မုန့်အချို့ကို မစားသုံးရန် သတိပေး

အော့တဝါ ဩဂုတ် ၃၀

အသင့်ပြုလုပ်ပြီးသား အသားညှပ်ပေါင်မုန့်များကို စားသုံးရာမှ အစာအဆိပ်သင့်၍ အနည်းဆုံး ၁၂ ဦးခန့် သေဆုံးခဲ့ပြီးနောက် အသားညှပ်ပေါင်မုန့် အမျိုးအစား လေးမျိုးတွင် မသန့်ရှင်းသည့် အသားများပါ၍ စားသုံးမိရာမှ အစာအဆိပ်သင့်ခြင်း ဖြစ်သည်ဟု ကနေဒါ ကျန်းမာရေး အရာရှိများက ဩဂုတ် ၂၆ ရက်က သတိပေး ကြေညာခဲ့သည်။

အွန်တာရီအိုပြည်နယ်တွင်းရှိ စတိုးဆိုင်များတွင် ရောင်းချသော အသားညှပ်ပေါင်မုန့်များမှာ မသန့်ရှင်းသည့်အတွက် အသားညှပ် ပေါင်မုန့် ထုတ်သည့် မက်ထရိုအွန်တာရီအို ကုမ္ပဏီအား သတိပေးခဲ့ကြောင်း ကနေဒါ အစားအသောက်စစ်ဆေးရေး အေဂျင်စီက ထုတ်ပြန်ပြောကြားခဲ့သည်။

အဆိုပါကုမ္ပဏီက ထုတ်သည့် အသားညှပ်ပေါင်မုန့် သုံးမျိုးကို မစားသုံးကြရန်နှင့် ယင်းကုမ္ပဏီကိုလည်း သတိပေးချက်ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ထိုအသားညှပ်ပေါင်မုန့်များကို နယူးဘရန်ဆွစ်၊ နိုဗာစကိုရှားနှင့် ပရင့်အက်ဝဲဒ်ကျွန်းအရပ်တွင် ရောင်းချကြောင်း ၎င်းအေဂျင်စီက ပြောကြားသည်။

ထိုအသားညှပ်ပေါင်မုန့် လေးမျိုးစလုံးတွင် မေပယ်လိပ်ဖု(ဒ်) အသားလုပ်ငန်းမှ အသားများ ပါဝင်ပြီး ယင်းအသားများမှာ မသန့်ရှင်းသည့်အတွက် အစာအဆိပ်သင့်ခြင်း ဖြစ်ရသည်ဟု သိရသည်။ ကနေဒါတွင် အသားညှပ်ပေါင်မုန့် စားသုံးခြင်းဖြင့် အစာအဆိပ်သင့်၍ သေဆုံးသူမှာ ၁၂ ဦးထိ ရှိလာသည်။ ထို့ပြင် အစာအဆိပ်သင့်သူ ၂၆ဦးနှင့် နောက်ထပ်အစာအဆိပ်သင့်သည်ဟုသံသယရှိသူ ၂၉ ဦးတို့ကိုလည်း စစ်ဆေးမည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီး ဂယ်လီရိဇ်က ဩဂုတ် ၂၅ ရက်က ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ရုရှားက ဗော်ဒိုဗာအား ဂျော်ဂျီယာကဲ့သို့ မမှားစေရန် သတိပေး

ဆိုချီ(ရုရှား) ဩဂုတ် ၃၀

ရုရှားသမ္မတ ဒီမီထရီ မက်ဒီဒက်ဗ်က ယခင်ဆိုဗီယက်ပြည်ထောင်စုဟောင်းမော်ဒိုဗာနိုင်ငံအား ခွဲထွက်ရေးကြိုးပမ်းနေသော ဒေသကို ထိန်းချုပ်ရန်အတွက် အင်အားသုံး၍ ဂျော်ဂျီယာနိုင်ငံကဲ့သို့ အမှားမကျူးလွန်ရန် တနင်္လာနေ့က သတိပေးလိုက်သည်။ ချီစီနော့နှင့် ၎င်းမှခွဲထွက်ရေးဒေသ ထရန်နီးယက်စ်ထရီးယားတို့အကြား ပြဿနာငြိမ်းအေးစေရေးအတွက် ရုရှားငြိမ်းချမ်းရေးတပ်ဖွဲ့များကို မော်ဒိုဗာနိုင်ငံသို့ ၁၉၉၀ ပြည့်နှစ် အစောပိုင်းက စေလွှတ်ထားခဲ့သည်။ ထို့ပြင် ရုရှားနိုင်ငံသည် အဆိုပါနှစ်ဖက်အကြား သဘောတူညီမှုရရှိစေရေးအတွက် စေ့စပ်ညှိနှိုင်းပေးရန် ကြိုးစားလျက်ရှိသည်။

ယခင်ဆိုဗီယက်ပြည်ထောင်စုဟောင်း မီးခဲပြာဖုံးပြဿနာများထဲမှတစ်ခု အပါအဝင်ဖြစ်သော ထရန်နီးယက်စ်ထရီးယားသည် ဂျော်ဂျီယာနိုင်ငံ ခွဲထွက်ဒေသဖြစ်သည့် တောင်ပိုင်းအော်ဆက်တီးယား၊ အက်ခါဇီယာနှင့် ယခုလ စောစောပိုင်း စစ်မက်မဖြစ်ပွားခင်အချိန်အထိ ကင်းရှင်းစွာ ရှိနေခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

အစ္စရေးတို့ ပိတ်ဆို့ထားသည့် ဂါဇာကမ်းမြောင်သို့ ပါလက်စတိုင်းလူမျိုးများ လိုက်ပါလာသည့် ရွက်သင်္ဘောနှစ်စင်း ကျူးကျော်ဝင်ရောက်

ဂါဇာ ဩဂုတ် ၃၀

ဂါဇာဒေသမှ ဆိုက်ပရပ်စ်နိုင်ငံသို့သွားသော ရေလမ်းခရီးအား အစ္စရေးတို့က ပိတ်ဆို့ထားသည့်ကြားမှပင် နိုင်ငံတကာမှ နိုင်ငံရေးသမားများ အပါအဝင် ပါလက်စတိုင်းလူမျိုး ခုနစ်ဦးကို တင်ဆောင်လာသည့် ရွက်သင်္ဘောနှစ်စင်းသည် အဆိုပါဒေသအား ဖြတ်သန်းရန် ကြိုးပမ်းခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ယင်းရွက်လှေသည် အစ္စရေးတို့၏ ပိုင်နက်ဖြစ်သည့် မြေထဲပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ကို ဖြတ်သန်းခဲ့ကြောင်းနှင့် ၎င်းအား အစ္စရေးရေတပ်မှ တစ်စုံတစ်ရာ တားမြစ်မှု မရှိခဲ့ကြောင်း သိရှိရသည်။

ဂါဇာဒေသတွင် အစ္စလာမ္မစ်စစ်သွေးကြွများဖြစ်သည့် ဟားမတ်စ်အဖွဲ့၏ ကျူးကျော်မှု ဖြစ်ပွားခဲ့ပြီးနောက် ယင်းဂါဇာကမ်းမြောင်ဖြတ်သန်းခွင့်အား အစ္စရေးတို့က အချိန်အတော်ကြာ ပိတ်ဆို့ထားခဲ့သည်။ ယင်းဖြစ်ရပ်ကို မကျေနပ်သဖြင့် အဆိုပါ ရွက်သင်္ဘောငယ်နှစ်စင်းသည် ဂါဇာဒေသအား ပြီးခဲ့သည့်စနေနေ့က ကျူးကျော်ဖြတ်သန်းဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

ဟားမတ်စ်အဖွဲ့နှင့် တိုက်ပွဲများဖြစ်ပွားချိန်မှစတင်ကာ ပြည်သူများ၏ အခက်အခဲနှင့် စားနပ်ရိက္ခာပြတ်လပ်မှုများကို ဖြေရှင်းပေးနိုင်ရန် လူမှုရေး ထောက်ပံ့ကူညီမှုအဖွဲ့ အနည်းငယ်ကိုသာ ယင်းဒေသသို့ ဝင်ရောက်ခွင့်ပြုခဲ့ပြီး ဂါဇာလူမျိုး အနည်းငယ်နှင့် ကန့်သတ်ထားသော အီဂျစ်ခရီးသွား အနည်းငယ်ကိုသာ အစ္စရေးသို့ လာရောက်ခွင့်ပြုခဲ့သည်။ ဂါဇာကမ်းမြောင်ကို ဖြတ်သန်း၍ ဆိုက်ပရပ်စ်နိုင်ငံသို့ သွားရန်အတွက် ကြိုးပမ်းကြသည့် လှေသင်္ဘောများအား ယင်းတို့၏ဆိုင်ရာ ရေလမ်းကြောင်းများသို့ ပြန်လှည့်ရန် အေးချမ်းစွာ တားမြစ်သည့်ကြားမှပင် ဆက်လက်ကျူးကျော် ဝင်ရောက်သူများကို ရန်သူများအဖြစ် သတ်မှတ်ရမည်ဟု အစ္စရေးအစိုးရက တရားဝင်ထုတ်ပြန်ကြေညာထားကြောင်းအစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ရီဂယ်ပါမာက ပြောကြားသည်။

အင်တာနက်။

သီရိလင်္ကာနိုင်ငံရှိ အကျဉ်းထောင်တစ်ခုအတွင်း ဗုံးပေါက်ကွဲမှုဖြစ်ပွား၊ ခုနစ်ဦး ဒဏ်ရာရရှိ

ကိုလံဘို ဩဂုတ် ၃၀

သီရိလင်္ကာနိုင်ငံအရှေ့ပိုင်းရှိ ဘာတီကာလိုအာ အကျဉ်းထောင်တွင် သောကြာနေ့ အစောပိုင်းက ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အကျဉ်းသား အနည်းဆုံး ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အကျဉ်းစခန်းတစ်ခုအတွင်းမှ လက်ပစ်ဗုံးတစ်လုံး ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့မှပြောရေးဆိုခွင့်ရှိသူ ရန်ဂျစ်ဂူနာဆီကီရာက ထုတ်ဖော်ပြောကြားသည်။ ဒဏ်ရာရရှိသူများတွင် အီလန်ဒီမိုကရက်တစ်ပါတီ (အီးပီဒီပီ)မှ လူသတ်မှုဖြင့် စွပ်စွဲခံထားရသူ အဖွဲ့ဝင်လေးဦး ပါဝင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဒုတိယဗုံးတစ်လုံးအား ဗုံးရှင်းလင်းရေးအဖွဲ့က သတင်းအရ အချိန်မီရှာဖွေရှင်းလင်းနိုင်ခဲ့ကြောင်းနှင့် ယင်းလက်ပစ်ဗုံးကို အကျဉ်းထောင်အတွင်းသို့ ခိုးသွင်းခဲ့သည်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အကျဉ်းထောင် အာဏာပိုင်များက ပြောကြားသည်။

အင်တာနက်။

ဟာရီကိန်း ဂူစတပ် မုန်တိုင်းတိုက်ခတ်မှုကြောင့် ဂရင်းကေမန်ကျွန်းရှိ ဂျော်ဂျီမြို့ ကမ်းခြေတစ်လျှောက်သို့လှိုင်းလုံးကြီးများ ရိုက်ခတ်နေသည်ကို ဩဂုတ် ၃၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်က လေကြောင်းမှ တိုက်ခိုက် စစ်သွေးကြွ ၄၀ သေဆုံး

အစ္စလာမ္မာဘတ် ဩဂုတ် ၃၀

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းဆွတ်ဒေသတွင် သူပုန်များခိုအောင်းရာ နေရာများကို ပစ်မှတ်ထားပြီး ပါကစ္စတန်စစ်ဘက်က လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ရာ စစ်သွေးကြွ ၄၀ သေဆုံးကြောင်း စနေနေ့တွင် စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တိုက်ခိုက်

ဩဂုတ် ၂၉ ရက်က တာလီဘန်ထိပ်တန်းခေါင်းဆောင် မယ်လာ့ခ်ျဖာဇ်လူလာ့ခ်ျ ခိုအောင်းရာ ပီချာဗေလေဒေသသို့ တိုက်လေယာဉ်များဖြင့် ဗုံးကြဲတိုက်ခိုက်သည်။

သေဆုံး

စောစောပိုင်းကပြုလုပ်သောစစ်ဆင်ရေးတွင် သူပုန် ၂၂ ဦး သေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သော်လည်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက စနေနေ့စစ်ဆင်ရေးအတွင်း ဖာဇ်လူလာ့ခ်ျ တပ်မှူးနှစ်ဦး အပါအဝင် သေဆုံးသူ ၄၀ ထိ တိုးမြင့်လာကြောင်း ပြောကြားသည်။

အင်တာနက်။

ကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း ပွန်နာပီယာဂါပို ဒေသတွင် အစိုးရတပ်ဖွဲ့များက သူပုန်စခန်းအား သိမ်းပိုက်ပြီးနောက် ဩဂုတ် ၂၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပြည်သူ့ဆန္ဒအမှန်ကိုနာခံလေးစားကြပါစို့

ကျော်မင်းလူ (ရွှေပြည်သာ)

ဒီမိုကရေစီဆိုတာ ပြည်သူ့ဆန္ဒကို ဗဟိုပြုတဲ့စနစ်လို့ ကျွန်တော် ရိုးရိုးလေး နားလည်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတစ်နိုင်ငံရဲ့ အများစုဆိုသောအင်အားဟာ ပြည်သူဖြစ်လို့ပါပဲ။ ဒါကြောင့် နိုင်ငံတစ်နိုင်ငံမှာ ဒီမိုကရေစီနည်းလမ်းတကျ အဆုံးအဖြတ်ပေးနိုင်တဲ့ အင်အားစုဟာ ပြည်သူသာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူရဲ့ အဆုံးအဖြတ်၊ ပြည်သူရဲ့ ဆန္ဒကို အလေးထား လေးစားကြဖို့ မဖြစ်မနေလိုအပ်ပါတယ်။

ပြီးခဲ့တဲ့ မစ္စတာဂမ်ဘာရီရဲ့ ခရီးစဉ်အတွင်းမှာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့ ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးက ယနေ့ ပြည်သူလူထုရဲ့ အဓိကလိုလားချက်ဆန္ဒ (၃)ရပ်ဆိုတာကို ဖော်ထုတ်ဆွေးနွေးသွားတာ အထူးပဲ သဘောကျမိပါတယ်။ ကျွန်တော်အပါအဝင် ပြည်သူအများစုရဲ့ တကယ့်ဆန္ဒအမှန်ကို ကိုယ်စားပြုနိုင်တယ်လို့ ယုံကြည်မိပါတယ်။

ဒီနေ့ ကျွန်တော်တို့ ပြည်သူအားလုံးရဲ့ ဆန္ဒအစစ်အမှန်ကဘာလဲ။ တစ်ဦးချင်းလိုက်ပြီးမေးရင်တော့ အဖြေတွေအများကြီး ဖြစ်နေမှာပါ။ တိုက်ဆောက်ချင်တယ်၊ ကားစီးချင်တယ်၊ ချမ်းသာချင်တယ်၊ ကျော်ကြားချင်တယ် စသဖြင့် ပြောလို့ဘယ်ဆုံးနိုင်ပါ့မလဲ။ ဒါပေမယ့် အားလုံးကိုခြုံငုံပြီး ပြည်သူအားလုံးရဲ့ ကိုယ်စီရင်ထဲမှာရှိနေတဲ့ ယထာဘူတကျတဲ့ အဓိကဆန္ဒတွေကို ဖော်ထုတ်ပါဆိုရင် ပြန်ကြားရေးဝန်ကြီးပြောခဲ့တဲ့ ဆန္ဒကြီး (၃)ရပ်ကိုပဲ ထောက်ခံကြရမှာပါ။ တကယ်လည်း ပြည်သူအများစုရဲ့ ဆန္ဒအားလုံးကို လွှမ်းခြုံကိုယ်စားပြုနိုင်တဲ့ အချက်တွေပါပဲ။

နံပါတ် (၁) အနေနဲ့ပြောရရင် ကျွန်တော်တို့ ခင်ဗျားတို့အားလုံးဟာ တည်ငြိမ်အေးချမ်းမှုကို လိုလားပါတယ်။ ဘယ်သူမှ မတည်ငြိမ်တဲ့ ပတ်ဝန်းကျင်မျိုး၊ တည်ငြိမ်မှုကိုဖျက်ဆီးမယ့် ဆူပူအကြမ်းဖက်မှုမျိုးကို မလိုချင်ပါဘူး။ ကျွန်တော်တို့ရဲ့ ဘဝသက်တမ်းမှာ ပြည်တွင်းသောင်းကျန်းမှုတွေ၊ ပြည်တွင်း စစ်မီးတောက်တွေ၊ သပိတ်မှောက်ဆန္ဒပြမှုတွေ၊ ဆူပူအကြမ်းဖက်မှုတွေနဲ့ ရုန်းရင်းဆန်ခတ် ရုတ်ရုတ်သဲသဲကြားမှာ ကျီးလန့်စာစားနေခဲ့ရတဲ့ ဘဝမျိုးစုံအောင် ကြုံဖူးခဲ့လှပါပြီ။ ခေတ်အဆက်ဆက် တိုက်ကြခိုက်ကြ၊ ဆူကြပူကြ၊ သတ်ကြဖြတ်ကြနဲ့ တည်ငြိမ်မှု၊ အေးချမ်းမှုမရှိတဲ့ ကာလတွေကို စိတ်ကုန်စိတ်ပျက်နေကြပါပြီ။ ပွင့်ပွင့်လင်းလင်းပြောရရင် အဲဒီလို ပြန်ဖြစ်မှာ ကြောက်ကို ကြောက်နေတော့တာပါ။ အလားတူ ၈၈ အရေးအခင်း ဆိုတာမျိုးကိုလည်း လေသံတောင် မကြားချင်တော့ပါဘူး။ ဒီတော့ ကိုယ်စီဘဝလေးတွေနဲ့ ဣန္ဒြေရရ၊ အေးအေးချမ်းချမ်း၊ တည်တည်ငြိမ်ငြိမ်ပဲ နေချင်ကြပါတယ်။ အခုလည်း ကျွန်တော်တို့လိုချင်တဲ့အတိုင်း တည်ငြိမ်အေးချမ်းမှုကို အပြည့်အဝ ခံစားစံစားခွင့် ရရှိနေပြီဖြစ်လို့ အားရကျေနပ်နေကြပါတယ်။ ဒီလို အခြေအနေမျိုးမှာ ရရှိထားတဲ့ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင်၊ မတည်မငြိမ်ဖြစ်အောင် လှုံ့ဆော်ကြိုးပမ်းနေကြတာမျိုးကိုလည်း လုံးဝလက်မခံနိုင်ပါဘူး။ ဒါဟာ ကျွန်တော်တို့ ပြည်သူအားလုံးရဲ့ရင်ထဲက ဆန္ဒအစစ်အမှန်ပါပဲ။

နံပါတ် (၂) ဆန္ဒအနေနဲ့က ကျွန်တော်တို့ ပြည်သူတိုင်းဟာ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး ဖွံ့ဖြိုးတိုးတက်တာကို အမှန်တကယ် မြင်ချင်ကြပါတယ်။ နိုင်ငံချင်းယှဉ်ရင် ကိုယ့်နိုင်ငံကို သူများထက်ပိုပြီး ဖွံ့ဖြိုးတိုးတက်စေချင်တာ ဓမ္မတာပဲမဟုတ်လား။ အလားတူ လူမျိုးချင်းယှဉ်ရင်လည်း ကိုယ့်လူမျိုးက ပိုပြီးတော်တာ၊ ပိုပြီး အောင်မြင်တာ၊ ပိုပြီးချမ်းသာတာကို မြင်လို၊ တွေ့လို၊ ဂုဏ်ယူလိုကြတာပါပဲ။ နိုင်ငံဖွံ့ဖြိုးတိုးတက်ပြီ၊ လူမျိုးချမ်းသာပြီဆိုကတည်းက အဲဒီအထဲမှာ တစ်ယောက်အပါအဝင်ဖြစ်တဲ့ ပြည်သူတစ်ဦးချင်းစီရဲ့ လူမှုစီးပွားဘဝတွေလည်း ဖွံ့ဖြိုးတိုးတက်ပြီပေါ့။ ချမ်းသာပြီပေါ့။ အဲဒီတော့ အမျိုးမစစ်တဲ့ ဆန့်ကျင်ဘက် ပုဆိန်ရိုးတွေကလွဲလို့ နိုင်ငံသားကောင်းပီသတဲ့ မြန်မာပြည်သူအားလုံးက ကိုယ့်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားတယ်ဆိုတာ ပြောစရာမလိုအောင် ထင်ရှားနေပါပြီ။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ ပြည်သူတစ်ဦးချင်းစီရဲ့ တိုးတက်အောင်မြင် ချမ်းသာမှုကလည်း ကျွဲကူးရေပါဖြစ်လာမှာမို့ ဒီဆန္ဒဟာလည်း ပြည်သူ့ဆန္ဒအစစ်အမှန်ဆိုတာ သေချာလှပါတယ်။

ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံကို ပြန်ကြည့်ရင် လွတ်လပ်ရေးရပြီးနောက် ပါလီမန်ဒီမိုကရေစီခေတ်ဆိုတာနဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ဆိုတဲ့ ကာလကြီးနှစ်ခုကို ဖြတ်သန်းခဲ့ရပါတယ်။ ပါလီမန်ဒီမိုကရေစီခေတ်အတွင်းမှာ ပါတီတွေကွဲကြပြဲကြ၊ ပြည်တွင်း ရောင်စုံသောင်းကျန်းမှုတွေ ထကြွကြနဲ့ တစ်နိုင်ငံလုံး ဝါးအစည်းပြေပြီး သူတစ်လူငါတစ်မင်း ထင်ရာစိုင်းနေခဲ့ကြတာကြောင့် တည်ငြိမ်အေးချမ်းမှု လုံးဝမရှိခဲ့တဲ့အခြေအနေကို သိမီလိုက်သူတွေ ပြန်ပြီး သတိရနိုင်ပါလိမ့်မယ်။ **နိုင်ငံတည်ငြိမ်အေးချမ်းမှု လုံးဝမရှိလေတော့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုဆိုတာလည်း ဘာမှ ထိထိရောက်ရောက် မလုပ်ပေးနိုင်ခဲ့ပါဘူး။ ပြည်သူအများစုကြီးဟာ ဖွတ်ကျောပြာစု ခရုဆံကျွတ်ဘဝနဲ့ ဆင်းရဲနိမ့်ကျစွာ ရုန်းကန်ရှင်သန်ခဲ့ရပါတယ်။ ပြည်တွင်းစစ် မီးလျှံတွေကြားမှာ ကျီးလန့်စာစားဘဝနဲ့ ဖြတ်သန်းရင်ဆိုင်ခဲ့ရပါတယ်။ ဒါကြောင့် အဲဒီဘဝမျိုးကို ကျွန်တော်တို့ပြည်သူတွေက ယောင်လို့တောင် သတိမရချင်တော့ပါဘူး။**

အလားတူ လမ်းစဉ်ပါတီခေတ်မှာလည်း နိုင်ငံရေးတည်ငြိမ်မှု အထိုက်အလျောက်ရှိခဲ့တယ်ဆိုပေမယ့် **ပြည်တွင်းသောင်းကျန်းမှု အမြစ်မပြတ်နိုင်သေးတာကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တည်ငြိမ်အေးချမ်းမှုမျိုးကို မရခဲ့ပြန်ပါဘူး။ တည်ငြိမ်အေးချမ်းမှု မရှိလေတော့ တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုတာလည်း စိတ်ကူးတောင် ယဉ်လို့မရနိုင်တဲ့ အခြေအနေမျိုးပါ။ ပြည်သူလူထုဟာ ဆင်းရဲချို့တဲ့စွာနဲ့ပဲ အခက်အခဲဒုက္ခပေါင်းစုံကို ခါးစည်းခံခဲ့ကြရပါတယ်။ တကယ်တော့ လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်အထိ အနှစ် (၄၀) ဆိုတဲ့ကာလဟာ နိုင်ငံတည်ငြိမ်အေးချမ်းဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့ တကယ်တမ်းသာ ထိထိရောက်ရောက် စွမ်းဆောင်နိုင်မယ်ဆိုရင် လုံလောက်တဲ့ အချိန်အတိုင်းအတာဖြစ်ပါတယ်။ သို့သော် ဘာမှဖြစ်မလာခဲ့တာ အားလုံးအသိပါပဲ။**

ဆက်ပြီးပြောရရင် ၁၉၈၈ နောက်ပိုင်း ယနေ့ခေတ်ကာလမှာတော့ တည်ဆဲအစိုးရအနေနဲ့ နိုင်ငံတော် တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်ပေးနိုင်ခဲ့လို့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ပုံဖော်ပေးနိုင်ခဲ့ပါတယ်။ အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးကို ရှေးရှုပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနဲ့ ငြိမ်းချမ်းရေး ရယူတည်ဆောက်နိုင်ခဲ့တာဟာ တကယ့်မဟာစွမ်းဆောင်မှုပါပဲ။ ဒါကြောင့် ကျွန်တော်တို့ ခင်ဗျားတို့ ယနေ့ပြည်သူအားလုံးဟာ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုရဲ့ အသီးအပွင့်တွေကို ကိုယ်တိုင်ရရှိ ခံစားနိုင်ခဲ့ကြပါပြီ။ နိုင်ငံ အေးချမ်းတည်ငြိမ်လာတာနဲ့အမျှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာသလို တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုနဲ့အညီ ပြည်သူအားလုံးရဲ့ ကိုယ်စီအကျိုးစီးပွားပါ မြင့်မားတိုးတက်ဖြစ်ထွန်းလာတာကို အထင်အရှားတွေ့နိုင်ပါတယ်။ ဒါကြောင့် ပြည်သူ့ဆန္ဒဆိုတာ တိုင်းပြည်ရဲ့၊ ပြည်သူအားလုံးရဲ့ အကျိုးစီးပွားကို ကိုယ်စားပြုတယ်ဆိုတာ အမှန်ပါပဲ။

အခုဆက်ပြီး နံပါတ် (၃)ဆန္ဒကို ပြောချင်ပါတယ်။ ပြည်သူတိုင်းဟာ ဥပဒေနဲ့အညီ လွတ်လွတ်လပ်လပ် နေထိုင်လုပ်ကိုင် ပြုမူဆောင်ရွက်ခွင့် ရလိုကြပါတယ်။ ဥပဒေရဲ့ အရိပ်အာဝါသအောက်မှာ ပေါ်ပေါက်လာတဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေကို စိတ်ကြိုက်ရွေးချယ်ပြီး အေးအေးချမ်းချမ်းနဲ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ရင်း ဘဝတိုးတက်ခွင့်ကို လိုလားမျှော်လင့်ကြပါတယ်။ ဒါကလည်း ပွင့်လင်းလာတဲ့ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ လူတိုင်းဟာ ကိုယ်စီဘဝတိုးတက်ရာ တိုးတက်ကြောင်း လုပ်ကြရမှာပါပဲ။ အခွင့်အလမ်းတွေ ဒီလောက်ဝေဆာ ပွင့်လန်းနေတဲ့ ဒီနေ့အခြေအနေမျိုးမှာ ဘယ်သူကမှ ဥပဒေကိုဆန့်ကျင်ဖို့ ဆန္ဒမရှိကြပါဘူး။ ဥပဒေရဲ့ အကာအကွယ်ကိုယူပြီး၊ ဥပဒေရဲ့ ထီးရိပ်အောက်မှာ အေးအေးချမ်းချမ်း လွတ်လွတ်လပ်လပ်နဲ့ အစွမ်းကုန်ကြိုးပမ်းပြီး အမြင့်ဆုံးအောင်မြင်မှုရယူဖို့ပဲ အားသန်ကြပါတယ်။ ဒီလိုမျိုး အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်တဲ့ နိုင်ငံတော်အစိုးရရဲ့ အမျိုးသားနိုင်ငံရေး လုပ်ငန်းစဉ်တွေအပေါ်မှာ တစ်ခဲနက် ထောက်ခံပြီး ရည်မှန်းထားတဲ့ ဒီမိုကရေစီပန်းတိုင်ကို မြန်မြန်ရောက်အောင် ချီတက်ကြဖို့ကိုပဲ မျှော်လင့်ကြပါတယ်။ ဒါကြောင့်လည်း ယနေ့ပြည်သူက ဆန့်ကျင်ဘက်အုပ်စုတွေ သွေးထိုးလှုံ့ဆော်သမျှကို နားမယောင်ဘဲ အမျိုးသားရေးဘက်က ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်နေတာ ဖြစ်ပါတယ်။

ဒီတော့ ကျွန်တော် သုံးသပ်မိသလောက် ဒီဆန္ဒ (၃)ရပ်ဟာ ဒီနေ့ ပြည်သူတိုင်းရဲ့ ကိုယ်စီရင်ထဲမှာရှိနေတဲ့ ဆန္ဒအစစ်အမှန်တွေပဲ ဖြစ်ပါတယ်။ အဲဒီဆန္ဒတွေကို လုံးဝပြီးပြည့်စုံအောင် မဟုတ်တောင် ရာခိုင်နှုန်း တော်တော်များများ ပြည့်ဝအောင် ဒီနေ့အစိုးရက လုပ်ပေးနေပါတယ်။ အစိုးရဘာတွေ လုပ်ပေးနေတယ်ဆိုတာ အားလုံးအသိပဲမို့ အထူးမပြောလိုတော့ပါဘူး။ သို့သော် ခြုံပြီးပြောရရင် ယနေ့ပြည်သူက တည်ဆဲအစိုးရအပေါ် နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ဆောင်ကြဉ်းပေးနိုင်တဲ့ အစိုးရ၊ နိုင်ငံနဲ့ လူမျိုး ဖွံ့ဖြိုးတိုးတက်အောင် တတ်နိုင်သမျှ စွမ်းဆောင်ပေးနေတဲ့ အစိုးရ၊ ပြည်သူလိုလားတဲ့ ဒီမိုကရေစီစနစ်ကို အကောင်းဆုံးဖြစ်အောင် ဖော်ဆောင်ပေးနေတဲ့ အစိုးရအဖြစ် တကယ်ကို ယုံကြည်ထောက်ခံကြပါတယ်။ အစိုးရရဲ့ ဦးဆောင်မှုအောက်မှာ တညီတညွတ်တည်း ကြိုးပမ်းချီတက်နေကြပါတယ်။ ဒါကြောင့်လည်း ပြီးခဲ့တဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ ဆန္ဒမဲပေးသူ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းရဲ့ ထောက်ခံမဲနဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းကို အတည်ပြုပေးခဲ့ကြခြင်းဖြစ်တယ်ဆိုတာ အထင်အရှားပါပဲ။

ကျွန်တော်တို့နိုင်ငံတော်ရဲ့ ရည်မှန်းချက်ပန်းတိုင်ဟာ အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ဖို့ ဖြစ်ပါတယ်။ အေးချမ်းသာယာဆိုတဲ့ စကားရပ်ဟာ ပြည်သူ့ဆန္ဒ(၁)ကို ဖော်ညွှန်းသလို ခေတ်မီဖွံ့ဖြိုးတိုးတက်တယ်ဆိုတဲ့ စကားရပ်ကလည်း ပြည်သူ့ဆန္ဒ(၂)ကို ကိုယ်စားပြုထားပါတယ်။ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်မယ်ဆိုတဲ့ စကားရပ်ကလည်း ပြည်သူ့ဆန္ဒ (၃)ကို ထင်ဟပ်နိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ရည်မှန်းချက်ပန်းတိုင်ဟာ ပြည်သူအများစုရဲ့ လိုလားချက် ဆန္ဒ(၃)ရပ်ကို အလေးထား အကောင်အထည်ဖော်ပေးနေတဲ့ ပန်းတိုင်ဖြစ်တယ်လို့ တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ မူဝါဒလမ်းစဉ် (၇)ရပ်နဲ့ အညီ အနာဂတ်နိုင်ငံတော်ကို ပုံဖော်နေတဲ့လမ်းကြောင်းဟာ ပြည်သူ့ဆန္ဒနဲ့ ထပ်တူဖြစ်နေပြီဆိုတာ အထင်အရှား ဖော်ထုတ်တွေ့ရှိနိုင်ပါတယ်။

မူဝါဒလမ်းစဉ် (၇)ရပ်အနက် အဆင့်(၄) လွန်မြောက်လို့ အဆင့် (၅) ကို ချီတက်နေတဲ့ ဒီနေ့လိုအချိန်မှာ ပြည်သူ့ဆန္ဒ၊ ပြည်သူ့အဆုံးအဖြတ်ဟာ ပို၍ပို၍ အရေးပါလာပါပြီ။ ဆန့်ကျင်ဘက်အဖွဲ့များအနေနဲ့ မိမိနှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ ပြည်သူ့ဆန္ဒ၊ ပြည်သူ့အဆုံးအဖြတ်ကို နာခံကြရမှာပါ။ ဒါမှလည်း ဒီမိုကရေစီကျင့်စဉ်နဲ့ ညီညွတ်ပါလိမ့်မယ်။ ပြီးခဲ့တဲ့ အဆင့် (၄)မှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူအားလုံးက တစ်ခဲနက် ထောက်ခံမဲနဲ့ အတည်ပြုပေးလိုက်ခြင်းဟာ ပြည်သူက မူဝါဒလမ်းစဉ် (၇) ရပ်အပေါ် ယုံကြည်အားပေးထောက်ခံတယ်လို့ အတည်ပြုပေးလိုက်တာပါပဲ။ တစ်နည်းအားဖြင့် အားလုံးအတွက် ဒီမိုကရေစီ အခွင့်အလမ်းကောင်းတစ်ရပ်ကို ပြည်သူက စတင်ဖွင့်လှစ်ပေးလိုက်ခြင်းဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ အားလုံးဆိုရာမှာ နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့သာမက ဆန့်ကျင်ဘက်အုပ်စုတွေလည်း အကျုံးဝင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဟာ အစိုးရကို ဆန့်ကျင်သူများရော၊ ထောက်ခံသူများပါ မြန်မာနိုင်ငံသားအားလုံးနဲ့ သက်ဆိုင်နေလို့ပဲဖြစ်ပါတယ်။

ဒါ့အပြင် ပြည်သူလိုလားတဲ့ ဒီမိုကရေစီပန်းတိုင်ကို အမြန်ရောက်နိုင်ဖို့ အတူလက်တွဲလျှောက်လှမ်းကြရမယ့် အင်အားစုတွေအတွက် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး တည်ဆောက်နိုင်ဖို့၊ တစ်နည်းအားဖြင့် အမျိုးသားနိုင်ငံရေး လမ်းကြောင်းမှန်ပေါ်မှာ ပြန်လည်ပေါင်းစည်းမိကြစေဖို့ အခွင့်လမ်းကောင်းအဖြစ်လည်း သတ်မှတ်နိုင်ပါတယ်။ ဒါကြောင့် ဆန့်ကျင်ဘက်များအနေနဲ့ ပြည်သူ့ဆန္ဒကို အလေးထားတယ်ဆိုရင် ပြည်သူ ဖွင့်ပေးတဲ့ အခွင့်အလမ်းကောင်းကို အမိအရဆုပ်ကိုင်နိုင်ဖို့ အရေးကြီးနေပြီလို့ ပြောပါရစေ။

ယနေ့အချိန်ဟာ သူမှန်တယ်၊ ငါမှားတယ် ငြင်းခုံနေကြရမယ့် အချိန်မဟုတ်တော့ပါဘူး။ ငါ့ပါတီ အာဏာရရေးဆိုတဲ့ အာဏာမျက်နှာတစ်ခုတည်း ကြည့်ကြရမယ့် အချိန်လည်း မဟုတ်တော့ပါဘူး။ ဘယ်လိုမှ အဓိပ္ပာယ်မရှိတော့တဲ့ ၉၀ ရွေးကောက်ပွဲရလဒ်ဆိုတာကြီးကို ဖက်တွယ်ပြီး ဆီမန်းမန်းနေရမယ့်အချိန်လည်း မဟုတ်တော့ပါဘူး။ နောက်ဆုံးပြောရရင် ပြည်သူက ဒီမိုကရေစီနည်းလမ်းတကျ အတည်ပြုပေးထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်ပါဘူး၊ အသိအမှတ်မပြုနိုင်ပါဘူးလို့ ပြည်သူ့ဆန္ဒကို ဖြောင်ကျကျ ငြင်းဆန်နေရမယ့်အချိန်လည်း မဟုတ်တော့ပါဘူး။ အခြေအနေနဲ့ အချိန်အခါကို နားလည်တတ်ဖို့ လိုပါလိမ့်မယ်။

ပြောရရင် ယနေ့အစိုးရက ဒီမိုကရေစီလိုလားသလို ပြည်သူကလည်း ဒီမိုကရေစီကို လိုလားပါတယ်။ အလားတူ ဆန့်ကျင်ဘက်အုပ်စုတွေကလည်း ဒီမိုကရေစီကိုပဲ လိုလားတယ်လို့ တဖွဖွပြောခဲ့ကြတာမဟုတ်လား။ ဒီတော့ လိုလားတာချင်း၊ တစ်နည်းအားဖြင့် ပန်းတိုင်ချင်းက ထပ်တူဖြစ်နေပါပြီ။ ပန်းတိုင်တူပြီဆိုရင် အဲဒီပန်းတိုင်ကို မရောက် ရောက်အောင် ချီတက်နေတဲ့ လမ်းကြောင်းမှန်ပေါ်မှာ ဘာကြောင့် မပေါင်းစည်းနိုင်ကြတာလဲ။

စာမျက်နှာ ၇ ကော်လံ ၁ သို့

အခွင့်အလမ်းတွေ ဒီလောက်ဝေဆာ ပွင့်လန်းနေတဲ့ ဒီနေ့အခြေအနေမျိုးမှာ ဘယ်သူကမှ ဥပဒေကိုဆန့်ကျင်ဖို့ ဆန္ဒမရှိကြပါဘူး။ ဥပဒေရဲ့ အကာအကွယ်ကိုယူပြီး၊ ဥပဒေရဲ့ ထီးရိပ်အောက်မှာ အေးအေးချမ်းချမ်း လွတ်လွတ်လပ်လပ်နဲ့ အစွမ်းကုန်ကြိုးပမ်းပြီး အမြင့်ဆုံး အောင်မြင်မှုရယူဖို့ပဲ အားသန်ကြပါတယ်။ ဒီလိုမျိုး အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်တဲ့ နိုင်ငံတော်အစိုးရရဲ့ အမျိုးသားနိုင်ငံရေး လုပ်ငန်းစဉ်တွေအပေါ်မှာ တစ်ခဲနက်ထောက်ခံပြီး ရည်မှန်းထားတဲ့ ဒီမိုကရေစီပန်းတိုင်ကို မြန်မြန်ရောက်အောင် ချီတက်ကြဖို့ကိုပဲ မျှော်လင့်ကြပါတယ်။ ဒါကြောင့်လည်း ယနေ့ပြည်သူက ဆန့်ကျင်ဘက်အုပ်စုတွေ သွေးထိုးလှုံ့ဆော်သမျှကို နားမယောင်ဘဲ အမျိုးသားရေးဘက်က ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်နေတာ ဖြစ်ပါတယ်။

အမှတ်(၂)စက်မှုဝန်ကြီးဌာန သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၃၁

အမှတ်(၂)စက်မှုဝန်ကြီးဌာန ၏ ၂၀၀၈ ခုနှစ် စတုတ္ထအကြိမ် သစ်ပင်စိုက်ပျိုးပွဲနှင့်ငါးမျိုးစိုက်ထည့်ပွဲကို ဩဂုတ် ၃၀ ရက် နံနက်စနာရီတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာနရုံး၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆည်အမှတ်(၇) အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးသည်။ ထို့နောက်ဝန်ထမ်းများက ဆည်အတွင်း ငါးသားပေါက်များ ထည့်ပေးပြီးရုံးပတ်ဝန်းကျင်၌ သစ်ပင်၊ ပျိုးပင်များကို စိုက်ပျိုးကြသည်။ (သတင်းစဉ်)

အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ပခုက္ကူခရိုင်ရှိ စက်နှင့် စက်ကိရိယာ ထုတ်လုပ်မှုစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စက်နှင့် စက်ကိရိယာထုတ်လုပ်မှုစက်ရုံ ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၃၁

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား ဩဂုတ် ၃၀ ရက် နံနက်ပိုင်းတွင် မကွေးတိုင်း ပခုက္ကူခရိုင်ရှိ စက်နှင့်စက်ကိရိယာ ထုတ်လုပ်မှုစက်ရုံ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းညွှန်ကြားရေးမှူး ဦးတင်ထွန်းအောင်က စက်ရုံအဆောက်အအုံများဆောက်လုပ်ပြီးစီးမှု၊ လမ်းများဖောက်လုပ်ပြီးစီးမှု၊လျှပ်စစ်နှင့် ရေရရှိရေး ဆောင်ရွက်ထားမှု အခြေအနေတို့ကိုလည်းကောင်း၊စက်ရုံမှူးဦးကံချွန်က စက်ပစ္စည်းများ ရောက်ရှိမှု၊တပ်ဆင်ပြီးစီးမှု၊ စမ်းသပ်လည်ပတ်မှု၊ နည်းပညာလွှဲပြောင်းရယူရေးအတွက် စီမံထားရှိမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက နည်းပညာလွှဲပြောင်း ရယူရာတွင် နည်းပညာအားလုံးရယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်နှင့်စက်ကိရိယာထုတ်လုပ်မှုစက်ရုံ၏ စက်ခုတ်စားအလုပ်ရုံ၊ မိုနှင့်ဒိုင်အလုပ်ရုံ၊စက်တပ်ဆင်ရေးအလုပ်ရုံ၊ ပစ္စည်းသိုလှောင်ရုံ၊ သံအမာတင်အလုပ်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံခန်းမ၌ကြီးကြပ်ဝန်ထမ်းများနှင့်တာဝန်ရှိသူများအား တွေ့ဆုံပြီး စက်မှုဖွံ့ဖြိုးရေးအတွက် ရည်မှန်းချက်များအကောင်အထည်ဖော်ဆောင်နိုင်ရန်ကြိုးပမ်း ဆောင်ရွက်ကြရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ဘာကြောင့် အတူလက်တွဲ ချီတက်ဖို့ ငြင်းဆန်နေကြရတာလဲ။"သမဂ္ဂါနံ တပေါ သုခေါ"စည်းလုံးညီညွတ်ခြင်းသည် ချမ်းသာအောင်မြင်ကြောင်း ဖြစ်ပါတယ်။ဒီအချက်ကိုဆန့်ကျင်ဘက်အုပ်စုတွေအနေနဲ့ အလေးမူစေချင်ပါတယ်။

ဒီနေ့အချိန်ဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အခွင့်အလမ်းကောင်းတွေ ပြည့်လျှမ်းဝေဆာနေတဲ့ အခြေအနေမျိုးဖြစ်ပါတယ်။ ကျွန်တော်ပြောခဲ့သလို နှစ်ပေါင်း ၄၀ လုံးလုံး တာဝန်ပျက်ကွက်ခဲ့ကြလို့ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေရတဲ့ဘဝအခြေအနေကနေ သူများတကာနဲ့ ရင်ပေါင်တန်းနိုင်အောင် ကြိုးစားကြဖို့ အခွင့်အလမ်းတွေ ပွင့်လန်းလာတဲ့ယနေ့ကာလမှာနှစ်ဆတိုးပြီးကြိုးပမ်းကြဖို့ လိုအပ်ပါတယ်။ဒီလိုအခွင့်ကောင်းမျိုးကိုလက်လွတ်ခံပြီး ငါမှငါ၊ ငါ့ပါတီမှ ငါ့ပါတီ လုပ်နေကြမယ်ဆိုရင်တော့ ပြည်သူရဲ့ အနာဂတ် အိပ်မက်တွေကို နင်းချေဖျက်ဆီးရာ ရောက်ပါလိမ့်မယ်။ ဒါဆိုရင် ဘယ်ပြည်သူကမှ လက်ခံနိုင်မှာမဟုတ်တာ သေချာပါတယ်။ဘာပဲဖြစ်ဖြစ် ပြည်သူ့ဆန္ဒကို မျက်ကွယ်မပြုကြဖို့၊ အလေးထားကြဖို့ လိုပါတယ်။

ဒီနေ့အချိန်မှာ သူများနိုင်ငံအတော်များများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရှေ့ကို အရှိန်အဟုန်နဲ့ သွားနေကြတာ အားလုံးအသိပါပဲ။အမှန်တကယ်လည်း ဖွံ့ဖြိုးတိုးတက်ကုန်ကြပါပြီ။အာရှကျားတွေ အများကြီးဖြစ်လာနေပါပြီ။ ဒီလိုအချိန်မျိုးမှာ ကျွန်တော်တို့ကလည်းအနာဂတ်အတွက် ညီညာဖြဖြ အားသွန်ကြိုးပမ်းနေကြရမယ့် အချိန်ရောက်နေပါပြီ။ လက်ရှိရောက်နေတဲ့ လမ်းကြောင်းမှန်ပေါ်မှာ မငြင်းမခုံ မဆန့်ကျင်ကြဘဲ အတူလက်တွဲ ကြိုးပမ်းသွားကြမှသာ တစ်ချိန်ချိန်မှာ သူတို့ကို မီပါလိမ့်မယ်။ အဲဒီလို မဟုတ်ဘဲငြင်းခုံနေတာ၊ ဆန့်ကျင်နေတာ၊ သွေးထိုးလှုံ့ဆော်နေတာနဲ့ တန်ဖိုးရှိတဲ့အချိန်တွေ ဖြုန်းတီးနေကြမယ်ဆိုရင်တော့ နိုင်ငံရဲ့အနာဂတ် ပျောက်သွားမှာ အမှန်ပဲ စိုးရိမ်မိပါတယ်။

တည်ငြိမ်အေးချမ်းမှု မပျက်ယွင်းဘဲ ဖွံ့ဖြိုးတိုးတက်မှုတွေ အခိုင်အမာတည်ဆောက်ရင်း အားလုံးလိုလားဆန္ဒရှိကြတဲ့ ဒီမိုကရေစီပန်းတိုင်ကို အရောက်လှမ်းနိုင်မယ့် လမ်းကြောင်းမှန်ပေါ်မှာ ဒီနေ့ရောက်နေပြီဆိုတာမမေ့စေလိုပါ။ ၂၀၁၀ ရွေးကောက်ပွဲမှာ ပြည်သူ့အဆုံးအဖြတ်ကိုခံယူပြီး ပြည်သူနဲ့တစ်သားတည်းဖြစ်စေမယ့် လမ်းကြောင်းသည်သာ အသင့်မြတ်ဆုံးဖြစ်ပါလိမ့်မယ်။ ပြည်သူဘာပြောပြော ဒို့လုပ်ချင်တာလုပ်မယ်ဆိုရင်တော့ အမှားသံသရာလည်နေဦးမှာပါပဲ။ ကိုယ်အာဏာရဖို့အတွက် ဒီနေ့ တည်ငြိမ်အေးချမ်းနေတဲ့ အခြေအနေကို ပျက်ယွင်းအောင် အကောက်ကြံ ခလောက်ဆန်ဦးမယ်၊ ငြင်းခုံရန်ဖြစ်နေဦးမယ်ဆိုရင်တော့ အဲဒီလမ်းကြောင်းဟာ ဟိုယခင်တုန်းကလို ဆူပူအုံကြွမှုတွေ၊ မတည်ငြိမ် မအေးချမ်းမှုတွေကြားမှာ ကျီးလန့်စာစားနေရတဲ့ ဘဝမျိုးကို ပြန်ပြီး ခြေလှမ်းနေတာပဲ ဖြစ်ပါလိမ့်မယ်။ ပြည်သူကို ဆင်းရဲနိမ့်ကျတဲ့ဘဝမျိုး ပြန်ရောက်အောင် ဆွဲချနေတဲ့ လုပ်ရပ်မျိုးပဲဖြစ်ပါလိမ့်မယ်။ ဒါဆိုရင်တော့ ဘယ်သူမပြု မိမိမှုဆိုတဲ့စကားကိုပဲ ပြန်ပြီးညွှန်းဆိုရတော့မှာပါပဲ။ပြည်သူက အရင်လိုဘဝမျိုးကို လေသံတောင် မကြားချင်တော့ဘူးဆိုတာတော့ မမေ့စေလိုပါဘူး။

ပြည်သူ့ဆန္ဒကိုသာ လေးစားလိုက်နာတတ်မယ်ဆိုရင် ရှေ့ဆက်ရမယ့် ခရီးမှာ ပန်းမွေ့ရာနဲ့ ရွှေကော်ဇောက အသင့်ခင်းထားပြီးသားလို့ ဆိုရမှာပါ။ ပါတီတွေဖွဲ့ကြမယ်၊ ရှိပြီးသား ပါတီတွေကလည်း ခိုင်မာအောင် ပြင်ဆင်ကြမယ်၊ ကိုယ့်ပါတီရဲ့ ရပ်တည်ချက်တွေ၊ မူဝါဒသဘောထားတွေကို ချပြပြီး မဲဆွယ်စည်းရုံးကြမယ်၊ ၂၀၁၀ ပြည့်နှစ်မှာ ကျင်းပမယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးမှာ တရားသဖြင့် ပါဝင်ယှဉ်ပြိုင်ကြမယ်။ ပြည်သူ့ဆန္ဒမဲနဲ့ အရွေးချယ်ခံရပြီဆိုရင် လွှတ်တော်ကိုယ်စားလှယ်တွေဖြစ်လာမယ်။ ရရှိတဲ့ ဆန္ဒမဲပမာဏပေါ် မူတည်ပြီး ကိုယ့်ပါတီ၊ ကိုယ့်အဖွဲ့အစည်းရဲ့ ရပ်တည်မှု ခိုင်မြဲရှင်သန်လာမယ်။ ဒါဆိုရင် မကောင်းပေဘူးလားလို့ ကျွန်တော်တွေးမိတာပါပဲ။

ချုပ်ပြီးပြောရရင် ပြည်သူ့ဆန္ဒအစစ်အမှန်တွေကို ကျွန်တော်ပြောခဲ့ပြီးပါပြီ။ ဒါ့အပြင် အပြောနဲ့အလုပ်ညီချင်တယ်ဆိုရင် ဒီမိုကရေစီနည်းလမ်းတကျ ကျင့်သုံးဆောင်ရွက်ခဲ့တဲ့ပြည်သူ့ဆန္ဒ၊ပြည်သူ့အဆုံးအဖြတ်ကို လေးစားတန်ဖိုးထား လိုက်နာတတ်ဖို့လည်း ပြောခဲ့ပါတယ်။ အလားတူ ယနေ့တွေးခေါ်သုံးသပ် စဉ်းစားရာမှာ ပြည်သူ့ဆန္ဒနဲ့အညီ စဉ်းစားတွေးခေါ် သုံးသပ်နိုင်ဖို့လည်းအကြံပြုခဲ့ပါတယ်။ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ နိုင်ငံရေးလုပ်ကြရာမှာ နိုင်ငံနဲ့ ပြည်သူရဲ့အကျိုးကို နံပါတ်(၁) ဦးစားပေး နေရာထားပြီးမှ ကိုယ့်ပါတီ ကိုယ့်အုပ်စုကိစ္စကို နံပါတ်(၂) နေရာထား စဉ်းစားသုံးသပ်ဆောင်ရွက်မယ်ဆိုရင် အားလုံးအဆင်ပြေသွားမှာပါ။ကျွန်တော်ကတော့ ပြည်သူအားလုံးရဲ့မျှော်လင့်ချက်မပျက်စေချင်သလိုပြည်သူအားလုံးရဲ့ဆန္ဒတွေလည်း ပြည့်စေချင်တာပါပဲ။ဘာဖြစ်လို့လဲဆိုတော့ ပြည်သူအားလုံးထဲမှာကျွန်တော်လည်းပါတယ်၊ ခင်ဗျားလည်းပါတယ်၊ ဆန့်ကျင်ဘက် ဆိုတဲ့ အုပ်စုတွေလည်းပါပါတယ်။ အများအရေးကိုဦးစားပေးရင် ကိုယ့်အရေးဆိုတာလည်း ကျွဲကူးရေပါ ပြည့်ဝအောင်မြင်ပြီးဖြစ်မှာပါလို့ ဆိုချင်ပါတယ်။

ဘာပဲဖြစ်ဖြစ် ပြည်သူ့ဆန္ဒအမှန်ကို နာခံလေးစားကြဖို့လိုတာ အမှန်ပါပဲ။ ။

ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဩဂုတ် ၃၁

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဒေါင်ဗီယက်ကျုံး(င်)၏ ဖိတ်ကြားချက်အရ မြန်မာ-ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဦးဆောင်သည့် စတုတ္ထအကြိမ် မူဝါဒရေးရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရန် ဩဂုတ် ၂၅ရက်မှ ၂၈ရက်အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့သို့ သွားရောက်ခဲ့ပြီးနောက် ဩဂုတ် ၂၉ရက် ညနေပိုင်းတွင် ပြန်လည်ရောက်ရှိလာကြသည်။

ဒုတိယဝန်ကြီးဦးကျော်သူ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ်၂၅ ရက်နံနက်ပိုင်းတွင် ဟနွိုင်းမြို့ရှိ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသော မြန်မာ - ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးများ ဦးဆောင်သည့် စတုတ္ထအကြိမ် မူဝါဒရေးရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူကလည်းကောင်း၊ ဗီယက်နမ်နိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဒေါင်ဗီယက်ကျုံး(င်)ကလည်းကောင်း ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြားနှင့် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံဒေသတွင်း အကျိုးဖြစ်ထွန်းစေရေး ကိစ္စရပ်များ စသည်တို့အပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ကုလသမဂ္ဂနှင့် အာဆီယံတို့ ပူးပေါင်းပါဝင်သော သုံးပွင့်ဆိုင် ဗဟိုအဖွဲ့၏ ဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သောမြန်မာကိုယ်စားလှယ် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဗီယက်နမ်နိုင်ငံ ရေလွှမ်းမိုးမှုနှင့် မုန်တိုင်းကာကွယ်ရေး ကြီးကြပ်မှု ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးမစ္စတာ ဒေါင်ဟွမ်ဟောက်နှင့် ဗဟိုကော်မတီဝင်များအား တွေ့ဆုံကာ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်းသည့် အတွေ့အကြုံများကို ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ကြသည်။

ဒုတိယဝန်ကြီး ဦးကျော်သူသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးဦးအောင်သိမ်း လိုက်ပါလျက် ဩဂုတ် ၂၆ရက် ညနေပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဖမ်ဇာခီယမ်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ညှော့ခန်းမသို့ သွားရောက်တွေ့ဆုံ နှုတ်ဆက်ခဲ့သည်။**(အောက်ပုံ)**

ဒုတိယဝန်ကြီး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဩဂုတ် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဘတ်နင်းပြည်နယ်ရှိ တိရစ္ဆာန်မွေးမြူရေး၊ ရေချိုငါးမွေးမြူရေးနှင့် စားသောက်ကုန် ထုတ်လုပ်ရေးလုပ်ငန်းများ၊ ဟနွိုင်းမြို့ရှိ ဗီယက်တဲလ် ဆက်သွယ်ရေးကော်ပိုရေးရှင်းနှင့် ပက်ထရို ဗီယက်နမ် ရေနံရှာဖွေ ထုတ်လုပ်ရေး ကော်ပိုရေးရှင်းတို့သို့ သွားရောက် ကြည့်ရှုလေ့လာခဲ့ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁-၉-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄း၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၄၅ ၆။ မျိုးချစ်တပ်မတော်
- ၄း၅၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅း၂၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အစီအစဉ်
- ၅း၃၀ ၉။ ဗွီစီဒီကျော်ကြားတေးများ
- ၅း၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၄။ သွက်လက်လှုပ်ရှား ကစားစို့လား
- ၆း၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း 'စံပါပဲ '(အပိုင်း-၁၁)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ လယ်တီဆရာတော်ကြီး၏ထေရုပ္ပတ္တိ
- ၂၁။ မေးမြန်းစူးစမ်း
- ၂၂။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း 'ရွှေမင်းသမီးရဲ့ဖူးစာ' (အပိုင်း-၁)**
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

ကျွန်တော်မြင်တွေ့ခဲ့ရသော ကမ္ဘာတစ်ခု၊ အိပ်မက်တစ်ခု

တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့သည့် အာရှ(၁၇)နိုင်ငံမှ သတင်းပြန်ကြားရေးအဖွဲ့များ တီယန်ကျင်းမြို့၌ မှတ်တမ်းဓာတ်ပုံ ရိုက်ကြစဉ်။

သတင်း၊ ဓာတ်ပုံ-ကျော်ဇေယျာမြင့်(ကြေးမုံ)

၂၀၀၈ခုနှစ် ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲကြီးသည် ဩဂုတ် ၂၄ရက် ညပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ အမျိုးသားအားကစားရုံ(ငှက်သိုက်)၌ ခမ်းနားထည်ဝါအောင်မြင်စွာ ကျင်းပပြီးစီးသွားပြီဖြစ်သည်။ တရုတ်နိုင်ငံသည် ပြိုင်ပွဲတိုင်း၌ အိမ်ရှင်တရုတ်ပရိသတ်များ၏ အင်တိုက်အားတိုက် တက်ကြွစွာ တက်ရောက်အားပေးမှုနှင့်အတူ ရွှေတံဆိပ်အများဆုံးရရှိကာ နိုင်ငံအလိုက် ပထမရရှိခဲ့သည်။ ၁၈၉၆ခုနှစ်မှ စတင်ကျင်းပခဲ့သည့် အိုလံပစ် အားကစားပြိုင်ပွဲ သမိုင်းတစ်လျှောက် ယခု(၂၉)ကြိမ်မြောက် ကျင်းပသည့် အိုလံပစ် အားကစားပြိုင်ပွဲကြီးသည် အအောင်မြင်ဆုံး၊ အခမ်းနားဆုံးနှင့် အကြီးကျယ်ဆုံး ဖြစ်ခဲ့သည်ကို တရုတ်ပြည်သူများအနေဖြင့် ဂုဏ်ယူမဆုံး ဖြစ်လျက်ရှိကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် နိုင်ငံ ဖွံ့ဖြိုးတိုးတက်စည်ပင်မှုများနှင့် ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲကြီး၏ ခမ်းနားအောင်မြင်မှုကို လေ့လာနိုင်ရန်အတွက် အာရှ(၁၇)နိုင်ငံမှ သတင်းအဖွဲ့ (၆၆)ဦးကို ဖိတ်ကြားခဲ့ရာ မြန်မာသတင်းအဖွဲ့၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ နှစ်ဦး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှနှစ်ဦး စုစုပေါင်း လေးဦး တက်ရောက်ခဲ့ကြသည်။ မြန်မာသတင်းအဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံမှ TG-306 လေယာဉ်ဖြင့် ဩဂုတ် ၁၈ရက် ညပိုင်းတွင် ထွက်ခွာခဲ့ရာ ထိုင်းနိုင်ငံမှတစ်ဆင့် CA-980 လေယာဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ဩဂုတ် ၁၉ရက် ဒေသစံတော်ချိန် နံနက် ၇နာရီတွင် ရောက်ရှိခဲ့ကြသည်။ ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့မရောက်မီ မိနစ်အနည်းငယ်တွင် ပေကျင်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းကို ဝေဟင်မှ ထင်ရှားပြတ်သားစွာ မြင်တွေ့နေရပြီဖြစ်သည်။ မိုးမျှော်တိုက်တာများ၊ မြေလိမ်မြွေကောက်လမ်းများနှင့် သုံးလေးထပ် တည်ဆောက်ထားသည့် ခုံးကျော်တံတားများမှာ ယခင်ပေကျင်းမြို့သို့ ရောက်ဖူးထားသူများအနေဖြင့် ပေကျင်းမြို့၏ တစ်ဟုန်ထိုး ပြောင်းလဲမှုကို စတင်တွေ့ကြုံခံစားလိုက်ရသည်။ *[တရုတ်နိုင်ငံသည် ၂၀၀၁ခုနှစ် ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲ ကျင်းပရန် ရွေးချယ်ခံခဲ့ရချိန်မှစ၍ ၂၀၀၈ခုနှစ်အထိ (၆)နှစ်တာကာလအတွင်း ပေကျင်းမြို့အား ခေတ်အမီဆုံး၊ အလှပဆုံး ဒီဇိုင်းလက်ရာများဖြင့် ပြင်ဆင်မွမ်းမံခဲ့ခြင်းဖြစ်သည်ဟု သိရသည်။]*

လေဆိပ်သို့ရောက်သည်နှင့် ကြိုဆိုရေးအဖွဲ့နှင့်အတူ အကူအညီပေးသူ (Volunteer) များ၏ နွေးထွေးပျူငှာစွာ ကြိုဆိုမှုဖြင့် ခေတ္တတည်းခိုရမည့် Radegast Hotel သို့ ရောက်ရှိခဲ့ကြသည်။ အဆိုပါဟိုတယ်တွင် ဖိတ်ကြားထားသည့် အာရှမှ သတင်းအဖွဲ့အားလုံး တစုတစည်းတည်းခိုရသည့်အတွက် တစ်ဦးနှင့်တစ်ဦး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ်ခွင့်များ ရရှိခဲ့ကြသည်။

မဟာတံတိုင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ကမ္ဘာ့ရှေးဟောင်း ယဉ်ကျေးမှု သမိုင်းအမွေအနှစ်ဖြစ်သည့် မဟာတံတိုင်း၌ လာရောက်ကြည့်ရှု လေ့လာသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

မိမိတို့ အာရှ(၁၇)နိုင်ငံမှ သတင်းအဖွဲ့များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာခွင့်ရခဲ့ကြသကဲ့သို့ အိုလံပစ်အားကစားပြိုင်ပွဲများ ကျင်းပရာ အားကစားရုံအသီးသီးသို့လည်း သွားရောက်လေ့လာခဲ့ကြသည်။ လမ်းခရီး၌လည်း ပေကျင်းအိုလံပစ်ပွဲအတွက် ဂုဏ်ယူဝင့်ကြွားနေသည့် ပီတိအပြုံးမျက်နှာများဖြင့် သွားလာနေသည့် တရုတ်ပြည်သူများကို တွေ့မြင်ရသည်။ ပေကျင်းမြို့တွင် ဖောက်လုပ်ထားသည့် လမ်းမများမှာ လေးလမ်းသွား၊ ရှစ်လမ်းသွားများ အများဆုံးဖြစ်ပြီး နှစ်ထပ်-သုံးထပ် ခုံးကျော်တံတားများကို လမ်းဆုံလမ်းခွတိုင်း၌ တွေ့မြင် ခဲ့ရသည်။ ပေကျင်းမြို့၏ ခရီးသည်ဝန်ဆောင်မှုတွင် မြေအောက်ရထား လမ်းသည်လည်း အရေးပါလှသည်ကို တွေ့ရသည်။

ဆက်လက်၍ကျွန်တော်တို့ အာရှမှ သတင်းအဖွဲ့သည် People's Daily သတင်းစာတိုက်သို့ သွားရောက်လေ့လာခဲ့ကြသည်။ People's Daily တွင် people.com Website ကို လွှင့်တင်ထားကြောင်း သိရှိရသည်။ ထို့နောက် ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုတွင် တစ်ခုအပါအဝင်ဖြစ်သည့် မဟာတံတိုင်းကြီးသို့ သွားရောက်လေ့လာခဲ့ ကြကာ တိန်အန်မင်ရင်ပြင်နှင့် ရှေးဟောင်းမင်းဆက် နန်းတော်ကို လည်း လေ့လာဖြစ်ခဲ့ကြသည်။

ကျွန်တော်တို့ လေ့လာရေးအဖွဲ့သည် တရုတ်နိုင်ငံ၏ ကွန်ပျူတာထုတ်လုပ်မှုတွင် အထင်ရှားဆုံးဖြစ်သည့် Lenovo Group Cooperation သို့ရောက်ရှိပြီး ထုတ်လုပ်ထားသည့် ကွန်ပျူတာများနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများကို လေ့လာခဲ့ကြသည်။ *[အဆိုပါ ကုမ္ပဏီက ၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ်မီးရှူးတိုင်နှင့် ဆုတံဆိပ်များကို ပြုလုပ်ပေးခဲ့ခြင်းဖြစ်သည်ဟုသိရသည်။]* ထို့အပြင် တီယန်ကျင်းမြို့ရှိ ကမ္ဘာ့အဆင့်(၆) Binhai နိုင်ငံတကာ ကုန်သေတ္တာတင် စခန်းကိုလည်း ကြည့်ရှုလေ့လာခဲ့ကြသကဲ့သို့ တီယန်ကျင်းမြို့စက်မှုဇုန်ကိုလည်း လေ့လာခဲ့ကြသည်။

ဩဂုတ် ၂၄ရက် နံနက်ပိုင်းတွင် ကျွန်တော်တို့ အာရှနိုင်ငံများမှ သတင်းအဖွဲ့များသည် မိခင်နိုင်ငံအသီးသီးသို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။ ပြန်လည်မထွက်ခွာမီအချိန်က သတင်းအဖွဲ့အချင်းချင်း တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးပုံ၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ သတင်းအမြင်ချင်းများ ဖလှယ်ခွင့် ရရှိခဲ့ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်မှုများကို ဖလှယ်ခွင့် ရရှိခဲ့ပုံ၊ ပေကျင်းမြို့ရှိ အိုလံပစ်အားကစားအဆောက်အအုံများ ခမ်းနားထည်ဝါစွာ တည်ဆောက်ထားပုံ၊ အကူအညီပေးသူ(Volunteer) များ၏ တက်ကြွစွာကူညီပေးပုံ၊ ပေကျင်းမြို့၏ ခေတ်မီတိုးတက်ပုံ စသည် စသည်များကို ပြန်လည်မြင်ယောင်ရင်းဖြင့် ကျွန်တော်တို့ မြန်မာသတင်းအဖွဲ့ စီးနင်းလိုက်ပါလာသည့် CA-905 တရုတ်လေကြောင်းလိုင်း လေယာဉ်သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မွန်းလွဲ ၂နာရီတွင် ပြန်လည်ရောက်ရှိခဲ့ကြပါသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၉-၂၀၀၈ (တနင်္လာနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	ဝေဒနာနုပဿနာရှုပွားနည်း တရားတော် (မိုးနတ်တောင်ဆရာတော် ဦးကုန္ဒောဘာသ)
၈း၀၀ - ၂း၀၀	Soccer Update
၈း၁၅ - ၂း၁၅	နှလုံးကျန်းမာသက်ရှည်ရန်သိဖွယ်နည်းလမ်းများ (ဒုတိယပိုင်း) (ပါမောက္ခ ဒေါက်တာမြသိန်းဟန်)
၈း၄၀ - ၂း၄၀	တေးဂီတအစီအစဉ်
၈း၄၅ - ၂း၄၅	Biz Net
၈း၅၅ - ၂း၅၅	နှင်းပွင့်သစ္စာမှသောတရှင်သို့
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	Cartoon Show Time (The Incredibles)
၁၀း၀၀ - ၄း၀၀	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၀း၀၅ - ၄း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀ - ၄း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅ - ၄း၁၅	သစ်သီးဝလံပေါပြည့်ဝေဆာတို့မြေမှာ (နှင်းသီး)
၁၀း၄၀ - ၄း၄၀	မိုးလေဝသခန့်မှန်းချက်
၁၀း၄၅ - ၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀ - ၄း၅၀	ကျောက်မီးသွေးအကြောင်းသိကောင်းဖွယ်ရာ
၁၁း၀၀ - ၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀ - ၅း၁၀	စားချင်စဖွယ်နည်းအသွယ်သွယ် (ငါးသံပရာပေါင်းနှင့် ကြွေ့တီယိုခေါက်ဆွဲလိပ်)
၁၁း၂၅ - ၅း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀ - ၅း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅ - ၅း၃၅	MRTV-4ကျန်းမာရေးကဏ္ဍ (OA ဒူးနာရောဂါအကြောင်း) (အပိုင်း-၁) (ပါမောက္ခဒေါက်တာဦးနေဝင်းနှင့် တွေ့ဆုံခြင်း)
၁၁း၅၅ - ၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀ - ၆း၀၀	ခေတ်များစုံလင်မန္တလာညရဲ့ ဂုဏ်ယူဖွယ်ရာ မြန်မာ့အကအသွင်အပြင်
၁၂း၃၅ - ၆း၃၅	နိုင်ငံတကာအနုပညာရေးရာ
၁၂း၅၅ - ၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး ရှောင်တခင်စစ်ဆေး

ရန်ကုန် ဩဂုတ် ၃၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းရုံးခွဲ(ရွာသာကြီး)မှ ဦးကျော်မြင့်(ဦးစီးအရာရှိ) ဦးဆောင်သောအဖွဲ့သည် ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့တို့ဖြင့် ပူးပေါင်း၍ ဩဂုတ် ၁၅ရက်က အမှတ်(၂) လမ်းမကြီး (ရွာသာကြီး)အနီးတွင် သွားလာမောင်းနှင်လျက်ရှိသည့် ယာဉ်များ၊ ယာဉ်မောင်းများအား ယာဉ်မတော်တဆမှုလျော့နည်းပပျောက်ရေးအတွက် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းနှင့်အညီ စနစ်တကျမောင်းနှင်ခြင်း ရှိ/မရှိ၊ သတ်မှတ်ယာဉ်မောင်းလိုင်စင်ဖြင့် မောင်းနှင်ခြင်း ရှိ/မရှိ၊ မီးခိုးအလွန်အကျွံထွက်ခြင်း ရှိ/မရှိနှင့် သက်တမ်းပြတ်ခြင်း ရှိ/မရှိတို့ကို ရှောင်တခင်စစ်ဆေး၍ ပညာပေးအရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ)** (သတင်းစဉ်)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

အတည်ပြုချိန် ၃း၃၀

✳ ရှေ့ဖုံးမှ

ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် လေးတိုက်သို့ ယနေ့ လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော်အိတ် ၁၄၀ ကိုးပြည်၊ ဆီ ၄၈ ပိဿာ သုံးကျပ်သား၊ အိုင်အိုဒင်ဆား ၄၈၃ ပိဿာ၊ တိုင်းရင်းဆေးမျိုးစုံ ၆၀၅၈ ဘူး၊ သွားတိုက်ဆေး ၅၂၇ ဘူး၊ ပဲပိဿာ ၉၀၊ ဘုတ်ဆုံမငရုတ်သီးမှုန့် အထုပ် ၁၀၀၊ ခြင်ဆေးခွေဘူး ၃၂၀နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ် ၆၈၈၈၀၀၀ တို့ဖြစ်သည်။

ကျင်းပ

အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ပရိယတ္တိ စာသင်တိုက် ၁၅ တိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ဗားကရာလမ်း ကိုးထပ်ကြီးဘုရားဝင်းရှိ ကိုးထပ်ကြီးသင်္ဃသုခမ္မာရုံ၌ ကျင်းပသည်။

စမ်းချောင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၅ တိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ ယနေ့ လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၂၃၃ အိတ် ခြောက်ပြည်၊ ဆီ ၁၆၇ ပိဿာ၊ အိုင်အိုဒင်းဆား ပိဿာ ၁၅၇၀၊ တိုင်းရင်းဆေးမျိုးစုံဘူး ၆၉၆၀၊ သွားတိုက်ဆား ၃၁၄ ဘူး၊ ပဲ ၃၁၄ ပိဿာ၊ လေဆာသွားတိုက်ဆေး ၄၃၂ ဘူး၊ ခြင်ဆေးခွေဘူး ၃၂၀ နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ် ၁၀၀၅၅၀၀၀ တို့ဖြစ်သည်။

(သတင်းစဉ်)

လာအိုနိုင်ငံသို့ အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၃၁

၂၀၀၈ ခုနှစ် ဩဂုတ်လအတွင်း မဲခေါင်မြစ်ရေလျှံမှုကြောင့် ရေလွှမ်းမိုးခြင်းခံခဲ့ရသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့တော် ပတ်ဝန်းကျင်နှင့် ပြည်နယ် ၁၀ ခုတို့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ရာဇဝတီဧည့်ခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A. Souphakhet၊ စစ်သံမှူး Colonel Khamsy Vongkhamsao နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်းက ရေလွှမ်းမိုးခံခဲ့ရသည့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့တော် ပတ်ဝန်းကျင်နှင့် ပြည်နယ် ၁၀ ခုအတွက် အမေရိကန်ဒေါ်လာ ငါးသောင်းကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Kouily A. Souphakhet က လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားသည်။

(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း မဲခေါင်မြစ်ရေလျှံမှုကြောင့် ရေလွှမ်းမိုးခြင်းခံခဲ့ရသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့တော် ပတ်ဝန်းကျင်နှင့် ပြည်နယ် ၁၀ခုတို့အတွက် အမေရိကန်ဒေါ်လာ ငါးသောင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A. Souphakhet ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း အောက်မင်္ဂလာဒုံလမ်းမကြီး အကြီးစား ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

ယာဉ်သွားလမ်းများ အဆင့်မြှင့်ရေး စီမံချက်ချဆောင်ရွက်

ရန်ကုန် ဩဂုတ် ၃၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ ကော်မတီဝင် ဦးညီညီတို့လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ယာဉ်သွားလမ်းများ အဆင့်မြှင့်ရေးနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးတို့အတွက် စီမံချက်များချမှတ်ကာ အရှိန်အဟုန်မြှင့်၍ အကြီးစားပြုပြင်ခြင်း၊ အဆင့်မြှင့်ခြင်းများ ဆောင်ရွက်နေသည်များကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ခရိုင်များအလိုက် လူအား၊ စက်ယန္တရားအားတို့ဖြင့် ဆောင်ရွက်လျက်ရှိသည့် အောက်မင်္ဂလာဒုံလမ်း၊ ခရေပင်လမ်း၊ ဘုရင့်နောင်လမ်း၊ မင်းကြီးလမ်း၊ အင်းစိန်လမ်း၊ သုဓမ္မာလမ်း၊ လေးထောင့်ကန်လမ်း၊ သံသုမာလမ်း၊ ရှုခင်းသာမြို့ပတ်လမ်း၊ ဧရာဝဏ်လမ်း၊ မင်းနန္ဒာလမ်း၊ ယမုံနာလမ်း၊ သမိန်ဗရမ်းလမ်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

မြို့တော်ဝန်သည် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြုပြင်ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်များကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးနိုင်ရေးအတွက် အဆင့်ဆင့်အနီးကပ်ကြည့်ရှုစစ်ဆေးဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(၁၉)

● တရုတ်နိုင်ငံမှ

ခရီးစဉ်ဖြစ်ပြီး အာတိတ်ဒေသ သုတေသနပြုလုပ်ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ မြင့်မားတိုးတက်မှုကိုလည်း ပြသလိုက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဖော်ပြထား

ယခုကဲ့သို့ တရုတ်သိပ္ပံသုတေသနအဖွဲ့၏လုပ်ငန်းများ အောင်မြင်ရခြင်းမှာ အာတိတ်ဒေသ ပင်လယ်ပြင်တွင် ရေခဲများ အရည်ပျော်နေခြင်းကြောင့် အာတိတ်ဒေသအတွင်းပိုင်းအထိ ပို၍နက်ရှိုင်းစွာဝင်ရောက်နိုင်ခဲ့ပြီး ပြည့်ပြည့်စုံစုံ လေ့လာနိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အင်တာနက်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁-၉-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အတီးပြိုင်ပွဲ
- ၈း၀၀ ၅။ မြန်မာ့အသံခေတ်ပေါ်တေးဂီတ အဖွဲ့ဖျော်ဖြေခန်း
- ၈း၁၀ ၆။ **စက်မှုဇုန်မှာ ကျွန်မ စက်ရုံလာတည်တော့မယ် (ဖြိုးငွေစိုး၊ မိုးဒီ၊ သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး) (ဒါရိုက်တာ-တင်အောင်ရွှေ-သုတေသီ)**
- ၈း၂၀ ၇။ ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ၊ လေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ ၅-၁၀နှစ်) (အမျိုးသား၊ အမျိုးသမီး)
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ အကပဒေသာ
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အတီးပြိုင်ပွဲ
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၄း၃၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၃၅ ၅။ **'ရှင်နှောင်းကျောင်းရောက်ပြီ' (ကြည်စိုး၊ ထူးသာ၊ ချောနုဝင်း၊ ကျော်မေခမွန်) (ဒါရိုက်တာ-ခင်ဇော်-ကေသီပန်)**
- ၄း၅၅ ၆။ အကပြိုင်ပွဲ
- ၅း၀၀ ၇။ တေးဂီတအစီအစဉ်
- ၅း၁၅ ၈။ ချစ်စရာအရွယ်ကကြီးသွယ်
- ၅း၂၀ ၉။ **မီးမီးရဲ့ဆုံးဖြတ်ချက် (နေအောင်၊ ထွန်းထွန်းဝင်း၊ မေသဥ္ဇာဦး၊ ပြည့်ဖူးခိုင်၊ ဇာဇာမင်းထက်) (ဒါရိုက်တာ-အောင်မိုး-ပဲရစ်)**
- ၅း၃၀ ၁၀။ အဆိုပြိုင်ပွဲ
- ၅း၄၀ ၁၁။ ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ၊ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (ဝါသနာရှင် ပထမတန်းအဆင့်) (အမျိုးသား)
- ၆း၀၀ ၁၂။ ညနေခင်းသတင်း
- ၆း၁၀ ၁၃။ မိုးလေဝသအခြေအနေ
- ၆း၁၅ ၁၄။ အလှရှာမယ် လှကမ္ဘာဝယ်
- ၆း၅၅ ၁၅။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၇း၂၀ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပန်းပျိုးလက်' (အပိုင်း-၅)**
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မျက်ဝန်းရိပ်" (အပိုင်း-၅)**
- ၂၁။ အစီအစဉ်ပြီး၏။

✳ မြန်မာ့မီးရထားမှ

ဆွေးနွေးပွဲများကိုပါ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အခြားဝန်ကြီးဌာနအောက်ရှိ စက်ရုံ အလုပ်ရုံများ၊ စက်မှုဇုန်ရှိ အလုပ်ရုံများ၊ ပြည်တွင်းရှိ ပညာရှင်များ၊ ကျွမ်းကျင်သူများ၏ အကူအညီကိုပါ ရယူပေါင်းစပ်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်းသို့ သွားရောက်၍ မြန်မာ့မီးရထားက ကိုယ်ပိုင်တည်ဆောက် အသုံးပြုပြေးဆွဲလျက်ရှိသော DF-1200-01 စက်ခေါင်းသစ်နည်းတူ ထပ်မံတည်ဆောက်လျက်ရှိသော စက်ခေါင်းသစ် DF- 1200-02, DF- 1200-03, DF- 1200-04 များကို တည်ဆောက်နေမှု၊ (၅)နှစ်တစ်ကြိမ် အကြီးတန်းပြုပြင်မွမ်းမံမှု ဆောင်ရွက်နေသော စက်ခေါင်းများ၊ အင်ဂျင်သစ်များဖြင့် စွမ်းအားမြှင့်တင်ရန် စက်ခေါင်းလေးခေါင်း ဆောင်ရွက်မှု၊ စက်ခေါင်းသစ်တည်ဆောက်ရေးအလုပ်ရုံ အဆောက်အအုံ ထပ်မံတည်ဆောက်နေမှု၊ စက်အရန်ပစ္စည်းများထုတ်လုပ်မှု၊ ထရက်ရှင်မော်တာ (Traction Motor)များ ပြုပြင်နေမှုနှင့် စမ်းသပ်စစ်ဆေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် အင်းစိန်မြို့ပတ် ဒီဇယ်စက်ရုံသို့ ရောက်ရှိပြီး မြို့ပတ်ရထားများ၌ အသုံးပြုနေသည့် စက်ခေါင်းများ၊ တွဲဆိုင်းများ ချွတ်ယွင်းမှုမရှိ ပြေးဆွဲနိုင်ရေးအတွက် စစ်ဆေးပြုပြင်မွမ်းမံမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

○ အမျိုးသားတံခွန်စိုက်မှ

စစ်ကိုင်းတိုင်းအသင်းကို (၆၉-၁၉) မှတ်၊ Golden Lighthouse အသင်းက K.K.S အသင်းကို (၉၇-၃၅)မှတ်ဖြင့် အနိုင်ရရှိသွားသည်။

စက်တင်ဘာ ၁ ရက် (ယနေ့)တွင် ပြိုင်ပွဲများကိုဆက်လက်ကျင်းပသွားမည်ဖြစ်ရာ ယူ-၂၀ အမျိုးသားပြိုင်ပွဲနှစ်ပွဲ၊ အလွတ်တန်း အမျိုးသမီးပြိုင်ပွဲ တစ်ပွဲနှင့် အမျိုးသားပြိုင်ပွဲ နှစ်ပွဲ ပါဝင်မည်ဖြစ်သည်။

(ကြေးမုံ)

သုတပဒေသာ လူငယ်အားမာန်စာကြည့်တိုက်ဖွင့် ရေဒီယိုနှင့် စာအုပ် အလှူငွေ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၃၁

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကမာကလူကျေးရွာ သုတပဒေသာ လူငယ်အားမာန် စာကြည့်တိုက်ဖွင့်ပွဲ၊ ရေဒီယိုနှင့် သုတ၊ ရသ စာအုပ်များနှင့် အလှူငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၂၆ ရက် နံနက် ၈နာရီတွင် ကမာကလူကျေးရွာ သုတပဒေသာ လူငယ်အားမာန်စာကြည့်တိုက်၌ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားကို နံနက် ၈နာရီတွင် ၎င်းစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှသောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီလွင်နှင့် ကျေးရွာစာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဒေါ်သန်းသန်းဌေး (မူ/အုပ်)တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(ယာပုံ)

ထို့နောက် သုတပဒေသာ လူငယ်အားမာန် စာကြည့်တိုက်အတွက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဇနီး ဒေါ်ခင်ခင်ချစ်တို့က သုတ၊ ရသ စာအုပ် ၅၀၊ မြို့နယ် ပြန်/ဆက်ရုံးမှ ရေဒီယိုတစ်လုံးနှင့် သုတ၊ ရသ စာအုပ် ၅၀၊ သန်လျင်မြို့နေ ဦးအောင်သင်း-ဒေါ်အေးယုနွယ် မိသားစုက သုတ၊ ရသ စာအုပ်မျိုးစုံ ၂၀၀၊ ခရမ်းမြို့နေ ဦးဝင်းကို-ဒေါ်ခင်ဆွေဦး မိသားစုက သုတ၊ ရသ စာအုပ် ၅၀၊ ဦးညွန့်မြင့်-ဒေါ်စိန်တိုး မိသားစုက စာအုပ်၁၅၀၊ ရန်ကုန်မြို့နေ ဦးသောင်းတင်-ဒေါ်သက်မူဆွေ မိသားစုကစာအုပ်၁၅၀နှင့်ကမာကလူကျေးရွာသူ၊ ကျေးရွာသားများက စုပေါင်းလှူဒါန်းငွေကျပ် ၅၀၀၀၀ နှင့် သုတ၊ ရသစာအုပ်မျိုးစုံ ၃၅၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ်/ပြန်ဆက်)

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

အမျိုးသားစီမံကိန်းနှင့် စီပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပသည့် အကြိမ်(၄၀)မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ပြီး နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ကြိုဆိုနှုတ်ဆက်သူများနှင့် အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ဝန်ကြီးဦးစိုးသာ အကြိမ်(၄၀)မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် ဩဂုတ် ၃၁

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၅ရက်မှ ၂၉ရက်အထိ စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပသည့် အကြိမ်(၄၀)မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ပြီး ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာရာ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်နှင့် ဌာနဆိုင်ရာ အကြီးအကဲများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးသည် ဩဂုတ် ၂၅ရက်တွင် စင်ကာပူသမ္မတနိုင်ငံ ရှန်ဂရီလာဟိုတယ်၌ ကျင်းပသော အာဆီယံ စီးပွားရေးဝန်ကြီးများ အလုပ်သဘော ညစာစားပွဲသို့တက်ရောက်ပြီး အဆိုပါ အလုပ်သဘော ညစာစားပွဲတွင် အကြိမ် (၄၀)မြောက် ဝန်ကြီးများ အစည်းအဝေးမတိုင်မီ အာဆီယံနိုင်ငံ အချင်းချင်းကြိုတင်ညှိနှိုင်းဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးခဲ့သည်။

ဝန်ကြီးသည် ဩဂုတ် ၂၆ရက်တွင် စင်ကာပူသမ္မတနိုင်ငံ ရှန်ဂရီလာဟိုတယ်၌ ကျင်းပသော အကြိမ်(၄၀)မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ အစည်းအဝေးဖွင့်ပွဲတွင် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်းပြောကြားသည်။

ဝန်ကြီးသည် ဩဂုတ် ၂၆ ရက် နံနက်ပိုင်းတွင် အာဆီယံ စီးပွားရေး ဝန်ကြီးများ၊ အေအိုင်အေကောင်စီ အစည်းအဝေးသို့ တက်ရောက်၍ အာဆီယံနိုင်ငံများအတွင်း ချုပ်ဆိုရန်ရှိသော အာဆီယံ ဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်မူကြမ်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊အာဆီယံ စီးပွားရေး ဝန်ကြီးများ၊ အက်ဖ်တာကောင်စီအစည်းအဝေးသို့တက်ရောက်၍အာဆီယံနိုင်ငံများအတွင်း ချုပ်ဆိုရန်ရှိသောအာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် မူကြမ်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊အဆိုပါ သဘောတူ စာချုပ်တို့ကို ယခုနှစ်အတွင်းကျင်းပမည့် ထိပ်သီးအစည်းအဝေးတွင် လက်မှတ်ရေးထိုးနိုင်ရေး ဆိုင်ရာ ကိစ္စရပ်တို့ကို လည်းကောင်း ဆွေးနွေးကြသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အကြိမ်(၄၀)မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများ စုံညီအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် အာဆီယံ ပဋိညာဉ်တွင် ပါဝင်သော စီးပွားရေး အသိုက်အဝန်းကောင်စီ ဖွဲ့စည်းရေးဆိုင်ရာ ကိစ္စရပ်များ၊ အာဆီယံ စီးပွားရေး အသိုက်အဝန်း ထူထောင်ရာတွင် အဖွဲ့ဝင်နိုင်ငံများမှအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုတို့ကို ကြီးကြပ်သုံးသပ်ရန်ကိစ္စရပ်များ၊ ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အာဆီယံနှင့် ဆွေးနွေးဘက်နိုင်ငံများအကြား လွတ်လပ်သော ကုန်သွယ်မှုဒေသထူထောင်ရေးဆိုင်ရာသဘောတူစာချုပ် ချုပ်ဆိုရန် ညှိနှိုင်းထားသည့် စာချုပ် ချုပ်ဆိုရေးဆိုင်ရာ ကိစ္စရပ်များနှင့်၂၀၀၈ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၁၄)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး ကျင်းပရေးနှင့် အာဆီယံနှင့် ဆွေးနွေးဘက် နိုင်ငံများနှင့် သဘောတူစာချုပ် ချုပ်ဆိုရေးဆိုင်ရာ ကိစ္စရပ်တို့ကို ဆွေးနွေးကြသည်။

ဝန်ကြီးသည် ဩဂုတ် ၂၇ ရက် နံနက်ပိုင်းတွင် အာဆီယံ စီးပွားရေး ဝန်ကြီးများနှင့် အာဆီယံ စီးပွားရေး အကြံပေးကောင်စီ ဆွေးနွေးပွဲသို့ လည်းကောင်း၊ အာဆီယံ စီးပွားရေး ဝန်ကြီးများနှင့်အာဆီယံ-အမေရိကန် စီးပွားရေး အကြံပေးကောင်စီတို့၏ တွေ့ဆုံဆွေးနွေးပွဲသို့ လည်းကောင်း ပါဝင်တက်ရောက်သည်။ မွန်းလွဲပိုင်းတွင် အာဆီယံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ စီးပွားရေးဝန်ကြီးများ ဆွေးနွေးညှိနှိုင်းမှု အစည်းအဝေးသို့ လည်း တက်ရောက်သည်။

ဝန်ကြီးသည် ဩဂုတ် ၂၈ ရက် နံနက်ပိုင်းတွင် အာဆီယံ+၁ ဆွေးနွေးညှိနှိုင်းမှု အစည်းအဝေးများသို့ တက်ရောက်၍ အာဆီယံ စီးပွားရေးဝန်ကြီး များနှင့် အိန္ဒိယသမ္မတနိုင်ငံ စီးပွားရေးဝန်ကြီးနှင့် လည်းကောင်း၊ ဩစတြေးလျ၊ နယူးဇီလန်တို့မှ စီးပွားရေးဝန်ကြီးများနှင့် လည်းကောင်း ဆွေးနွေးခဲ့ပြီး အာဆီယံ+၃ နိုင်ငံများဖြစ်ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ **ဂျပန်နိုင်ငံနှင့်ကိုရီးယားသမ္မတနိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများနှင့် ဆွေးနွေးညှိနှိုင်းမှု အစည်းအဝေးသို့ တက်ရောက်သည်။**

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အာဆီယံ+၁ ဆွေးနွေးညှိနှိုင်းမှု အစည်းအဝေးသို့ တက်ရောက်၍ အာဆီယံစီးပွားရေးဝန်ကြီးများ၊ဂျပန်နိုင်ငံ စီးပွားရေးဝန်ကြီး၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများနှင့် ဆွေးနွေးသည်။

ဝန်ကြီးသည် ဩဂုတ် ၂၉ရက်တွင် (၁၀)ကြိမ်မြောက် အာဆီယံ မဲခေါင်မြစ်ဝှမ်းဒေသ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေး ကာလအတွင်း အာဆီယံ စီးပွားရေးဝန်ကြီးများသည် အာဆီယံနိုင်ငံများအတွင်း ဆေးဘက်ဆိုင်ရာပညာရှင်များ၊ သွားဘက်ဆိုင်ရာပညာရှင်များနှင့် စာရင်းကိုင်လုပ်ငန်းအပေါ် အရည်အသွေးနှင့် ထောက်ခံလွှာ အပြန်အလှန် အသိအမှတ်ပြုရေး အစီအစဉ်သုံးခုတို့ကို လက်မှတ် ရေးထိုးကြသည်။

အကြိမ် (၄၀)မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ အာဆီယံနိုင်ငံများမှ စီးပွားရေး ဝန်ကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်၊ အာဆီယံနှင့် ဆွေးနွေးဘက်နိုင်ငံများဖြစ်ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ဂျပန်၊ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျ၊ နယူးဇီလန်တို့မှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံ စီးပွားရေး အကြံပေးကောင်စီ၊ အာဆီယံ-အမေရိကန် စီးပွားရေးအကြံပေးကောင်စီ တို့မှ ကိုယ်စားလှယ် စုစုပေါင်း ၄၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

မလေးရှားနိုင်ငံ၏ (၅၁)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ညှိခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်းနှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး H.E. Dato' Mazlan Muhammad နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။
(သတင်းစဉ်)

ဝန်ကြီး ဦးညဏ်ဝင်း ဥဇဘက်ကစ္စတန်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၁

၂၀၀၈ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ကျရောက်သော ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ၏လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ နိုရော့ ဗလာဒီမာ အီမာမိုဗစ်ရှ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။
(သတင်းစဉ်)

ဝန်ကြီး ဦးညဏ်ဝင်း လစ်ဗျားနိုင်ငံ တော်လှန်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၁

၂၀၀၈ ခုနှစ် စက်တင်ဘာ၁ရက်တွင် ကျရောက်သော လစ်ဗျားနိုင်ငံ၏ တော်လှန်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်းထံမှ လစ်ဗျားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အဗ္ဗဒယ်လ်ရာမန်မိုဟာမက်ရှာလ်ဂမ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အင်တာနက်သတင်း

အာတိတ်သမုဒ္ဒရာမှ ရေခဲပြင်ရေိယာ နှစ်၃၀ခန့်အတွင်း ဒုတိယအကြိမ် အနည်းဆုံးသို့ရောက်ရှိ

အာတိတ်သမုဒ္ဒရာမှ ပင်လယ်ရေခဲများသည် အနှစ် ၃၀ နီးပါးအတွင်း ဒုတိယအကြိမ် အနည်းဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ယခုရက်သတ္တပတ် ကောင်းကင်ဂြိုဟ်တုမှ အသစ်တိုင်းထွာချက်များအရ သိရသည်။

အမျိုးသားဆီးနှင်းနှင့်ရေခဲဆိုင်ရာ အချက်အလက် ဗဟိုဌာနက အာတိတ်သမုဒ္ဒရာတွင် ပင်လယ်ရေခဲစတုရန်းမိုင် ၂ဒသမ၀၃ သန်းအကျယ်အဝန်းရှိကြောင်း တင်ပြထားခဲ့သည်။ယင်းသည်၁၉၇၉ခုနှစ်ကတည်းက ဂြိုဟ်တုမှ တိုင်းတာထားသော အနည်းဆုံး အကျယ်အဝန်းဖြစ်သည်။ လွန်ခဲ့သော စက်တင်ဘာလတွင် တိုင်းထွာချက်အရ စတုရန်းမိုင်၁ဒသမ ၆၅ သန်းသာလျှင် ကျယ်ဝန်းတော့သည်။

အာတိတ်ဒေသ၌ နွေရာသီရောက်လာရန် သုံးပတ်မျှသာလိုသော အချိန်တွင် သိပ္ပံပညာရှင်များ အဆိုအရ ယခုနှစ်တွင် စံချိန်တင် လျော့နည်းလိမ့်မည်ဖြစ်သည်။

လွန်ခဲ့သောနှစ်များအတွင်း ရေခဲများ ပင်လယ်အတွင်းသို့ အရည်ပျော်ဆင်းသော ပမာဏကို ဆောင်းရာသီရေခဲချိန်တွင် အပြည့်အဝပြန်မရရှိတော့ပေ။

ရေခဲများသည် နေရောင်ခြည်၏ အပူကိုတုံ့ပြန်မှုရှိသည်။ နေ၏အပူကို သမုဒ္ဒရာရေကစုပ်ယူပြီး ရေခဲများ အရည်ပျော်ကာ ကမ္ဘာကြီး၏ ကျန်အစိတ်အပိုင်းများထံသို့ အပူဓာတ်များကို ပျံ့နှံ့စေသည်။

အမေရိကန်အမျိုးသားလေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့မှ ရေခဲသိပ္ပံပညာရှင် ဂျေဇွာလီကငါးနှစ်မှ အများဆုံး ၁၀နှစ်အတွင်းမှာ ရေခဲများအရည်ပျော်၍ကုန်သွားလိမ့်မည်ဟု ပြောသည်။ အလာစကာအနောက်မြောက်ကမ်းလွန်မှ ချတ်ရှီ ပင်လယ်ပြင်၌ လည်းကောင်း၊ ရုရှားနိုင်ငံ၏ အရှေ့ပိုင်းကမ်းခြေအလွန် အရှေ့ဆိုက်ဘေးရီးယား ပင်လယ်ပြင်၌ လည်းကောင်း ရေခဲအများအဆုံး အရည်ပျော်ပြီး ရေခဲပြင်ကြီးလျော့ပါးသွားခြင်းဖြစ်သည်ဟု ဆီးနှင်းနှင့် ရေခဲဆိုင်ရာ အချက်အလက် ဗဟိုဌာနက ပြောသည်။

အင်တာနက်။

ဂရင်းလန်ကျွန်း၏ အနောက်ဘက်ကမ်းခြေတွင် ရေခဲပြင်ကြီးများ၏ နေရာသို့ ရေများရောက်ရှိနေသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ်ဘောလုံးပြိုင်ပွဲ ဘဏ္ဍာ/အခွန်နှင့် ကမ္ဘောဇအသင်းတို့ ယှဉ်ပြိုင်ကစားမည်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-စိုးညွှန့် (ကြေးမုံ)

ရန်ကုန် ဩဂုတ် ၃၁

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ်ဘောလုံးပြိုင်ပွဲများ မကြာမီစတင်တော့မည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပနေသည့် အဆင့်မြင့်တန်း၊ ပထမတန်း၊ဒုတိယတန်းနှင့် တတိယတန်းပြိုင်ပွဲများ မစတင်မီ ကျင်းပလေ့ရှိသည့် မြန်မာလိဂ်ဖွင့်ပွဲအထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၆ရက်တွင် ကျင်းပမည်ဖြစ်သည်။

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ် ဖွင့်ပွဲအထိမ်းအမှတ် ဘောလုံးပြိုင်ပွဲအဖြစ် ၂၀၀၇-၂၀၀၈ အဆင့်မြင့်တန်း အမှတ်ပေးနှင့် ကွင်းပိတ်(ရှုံး/ထွက်)ချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် အမှတ်ပေးပြိုင်ပွဲ ဒုတိယဆုရ ကမ္ဘောဇအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ယင်းပြိုင်ပွဲမှာ အမှတ်ပေး ချန်ပီယံနှင့် ကွင်းပိတ်ချန်ပီယံတို့ ယှဉ်ပြိုင်ရသည့် ပြိုင်ပွဲဖြစ်သော်လည်း ယမန်နှစ် ဘောလုံးရာသီတွင် ဘဏ္ဍာ/အခွန်အသင်းက ပြိုင်ပွဲ နှစ်ရပ်စလုံးတွင် ဗိုလ်စွဲခဲ့သဖြင့် အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယဆု ရရှိသည့် ကမ္ဘောဇအသင်းက ယှဉ်ပြိုင်ခွင့် ရရှိခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ပြည်တွင်း ကလပ်ပြိုင်ပွဲများကို အဆင့်မြှင့်တင်သည့်အနေဖြင့်၂၀၀၅-၂၀၀၆ ရာသီမှစ၍ မြန်မာလိဂ် အမည်ဖြင့် ပြောင်းလဲကျင်းပခဲ့ပြီး ယင်းအမည် ပြောင်းလဲခြင်းနှင့်အတူ အဆိုပါ ဖွင့်ပွဲအထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကိုပါ ကျင်းပခဲ့ခြင်းဖြစ်သည်။ အဆိုပါ ပြိုင်ပွဲကို ကျင်းပလာသည်မှာ ယခုအကြိမ်နှင့်ဆိုလျှင်စတုတ္ထအကြိမ်ရှိပြီ ဖြစ်ပြီး ပြီးခဲ့သည့် သုံးကြိမ်တွင် ဘဏ္ဍာ/အခွန်အသင်းက နှစ်ကြိမ်နှင့် စီးပွား/ကူးသန်းအသင်းက တစ်ကြိမ် ဗိုလ်စွဲထားကြသည်။

၂၀၀၅-၂၀၀၆ ရာသီ ပြိုင်ပွဲတွင် ဘဏ္ဍာ/အခွန်အသင်းက စီးပွား/ကူးသန်းအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိကာ ပထမဆုံးအကြိမ် ဗိုလ်စွဲခဲ့သည်။ ၂၀၀၆-၂၀၀၇ ရာသီ ပြိုင်ပွဲတွင်လည်း အမှတ်ပေးချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းက ကွင်းပိတ်ချန်ပီယံ စွမ်းအင်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ နှစ်နှစ်ဆက်တိုက် ချန်ပီယံဆုဖလားကို ဆွတ်ခူးသွားသည်။

၂၀၀၇-၂၀၀၈ ရာသီ ပြိုင်ပွဲတွင် ဘဏ္ဍာ/အခွန်အသင်း၏ သုံးနှစ်ဆက်တိုက် ချန်ပီယံဖြစ်ရေး အိပ်မက် ပျက်ပြယ်သွားရပြီး စီးပွား/ကူးသန်း အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ၂၀၀၈-၂၀၀၉ ရာသီ ပြိုင်ပွဲတွင် တွေ့ဆုံမည့် ဘဏ္ဍာ/အခွန်နှင့် ကမ္ဘောဇအသင်းတို့မှာ ယခုပြိုင်ပွဲတွင် ပထမဆုံးအကြိမ် တွေ့ဆုံကြခြင်းဖြစ်သည်။ ဘဏ္ဍာ/အခွန်အသင်းမှာ လေးကြိမ်ဆက်တိုက် ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်ပြီး ကမ္ဘောဇအသင်းမှာမူ ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခွင့်ရရှိခြင်း ဖြစ်သည်။

ဘဏ္ဍာ/အခွန်အသင်းနှင့်ကမ္ဘောဇအသင်းတို့မှာ၂၀၀၆-၂၀၀၇ဘောလုံးရာသီမှစ၍ အဓိကပြိုင်ဘက်များဖြစ်လာပြီး ကမ္ဘောဇအသင်းမှာ ဘဏ္ဍာ/အခွန်အသင်းကို ရင်ပေါင်တန်းလာနိုင်သည့် အနေအထား ဖြစ်လာသည်။ နှစ်သင်းတွေ့ဆုံမှုအရ သူမသာ ကိုယ်မသာ ရှိနေကြသည်။ ၂၀၀၄-၂၀၀၅ ဘောလုံးရာသီတွင် အဆင့်မြင့်တန်းသို့ ရောက်ရှိခဲ့သော ကမ္ဘောဇအသင်းမှာ တစ်နှစ်အကြာမှာပင် ထိပ်သီးအသင်းကြီးဖြစ်သည့် ဘဏ္ဍာ/အခွန်အသင်းကို စတင်အနိုင်ရရှိခဲ့သည်။ ကမ္ဘောဇအသင်း၏ ပွဲဦးထွက်အနိုင်မှာ ၂၀၀၅-၂၀၀၆ ရာသီ ကွင်းဖွင့်ပြိုင်ပွဲ ဗိုလ်လုပွဲတွင်ဖြစ်ပြီး ကမ္ဘောဇအသင်းက အချိန်ပိုတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ အဆင့်မြင့်တန်း၏ ပထမဦးဆုံး ဆုဖလားကို ဆွတ်ခူးရယူနိုင်ခဲ့သည်။ ပြီးခဲ့သည့် လေးရာသီအတွင်း ခြောက်ကြိမ် တွေ့ဆုံထားရာ သုံးကြိမ်နိုင်ပြီး သုံးကြိမ်ရှုံးထားသည်။ ၂၀၀၇-၂၀၀၈ ရာသီအတွင်း တွေ့ဆုံမှုအရ ကမ္ဘောဇအသင်းက ကွင်းဖွင့်ပြိုင်ပွဲတွင် အနိုင်ရခဲ့သော်လည်း အမှတ် ပေးပြိုင်ပွဲတွင် ဘဏ္ဍာ/အခွန်အသင်းက ပြန်လည်အနိုင်ရရှိခဲ့သည်။ ယခု (၇)ကြိမ်မြောက် တွေ့ဆုံမှုတွင် မည်သည့်အသင်းက အနိုင်ရပြီး ရာသီဖွင့်ပွဲ အထိမ်းအမှတ်ဖလားကို ဆွတ်ခူးနိုင်မလဲဆိုတာ စိတ်ဝင်စားဖွယ်ပင် ဖြစ်သည်။

ကမ္ဘောဇအသင်းမှာ ယခုနှစ် ဘောလုံးရာသီတွင် အောင်မြင်မှုများ ရယူနိုင်ရန် ပြင်ဆင်မှုများပြုလုပ်လျက်ရှိပြီး မြို့တော်စည်ပင်အသင်းမှ အောင်မိုးနှင့်စိုးမင်းဦး၊Royal Eleven မှ နေလှိုင်(ဂိုး)နှင့် ထင်ကျော်အောင်တို့ကို အလွှတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူထားသလို နာမည်ကြီးကစားသမား နှစ်ဦးကိုလည်း ခေါ်ယူရန် ဆွေးနွေး ညှိနှိုင်းလျက် ရှိသည်။ ထို့ပြင် ကမ္ဘောဇအသင်းသည် အသင်း၏ ရည်ရွယ်ချက်တစ်ခုဖြစ်သည့် အသင်းမှ ကစားသမားများကို အားနည်းနေသည့် အသင်းများသို့ ပြောင်းရွှေ့ကစားစေပြီး ပြည်တွင်းဘောလုံးပြိုင်ပွဲ အဆင့်အတန်း ပိုမိုမြင့်မားလာစေမည့် အချက်ကိုလည်း အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာလိဂ်ဖွင့်ပွဲ အထိမ်းအမှတ်ဖလားကို နှစ်ကြိမ်တိုင် ဆွတ်ခူးရရှိထားသည့် ဘဏ္ဍာ/အခွန်အသင်းမှာလည်း ယခုအကြိမ်တွင် ပြန်လည်အနိုင်ရရန် ကြိုးစားကစားမည်မှာ သေချာလှသည်။ ယမန်နှစ် ဘောလုံးရာသီက ရရှိထားသော အမှတ်ပေးချန်ပီယံဆုနှင့် ကွင်းပိတ်ချန်ပီယံဆုကို ကာကွယ်ရန် ဘဏ္ဍာ/အခွန်အသင်းမှာ ပြင်ဆင်လျက်ရှိပြီး ယမန်နှစ်က ကစားသမားအများစုဖြင့်သာပြိုင်ပွဲဝင်သွားမည်ဖြစ်သည်။ဘဏ္ဍာ/အခွန်အသင်းမှာ အတွေ့အကြုံရှိ လက်ရွေးစင် ကစားသမားများ၏ ပညာ၊သမ္မာဖြင့်သာ ကစားဖွယ်ရှိနေပြီး ကမ္ဘောဇအသင်းမှာမူ လူငယ်ကစားသမားအများစုဖြင့် ကစားအား၊ ကြိုးစားမှုတို့နှင့် ယှဉ်ပြိုင်ဖွယ်ရှိနေသည်။

(ကြေးမုံ)

၂၀၀၇-၂၀၀၈ ဘောလုံးရာသီ ကွင်းဖွင့်ဖလားပြိုင်ပွဲ၌ ဘဏ္ဍာ/အခွန်နှင့် ကမ္ဘောဇတို့ တွေ့ဆုံစဉ်။

သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၃၁

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (၂၀၀၈)ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ယနေ့ နံနက် ၉နာရီက သဃ်န်းကျွန်း ပညာရေးကောလိပ် ပညာနေခြည်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်က အဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် တိုင်းအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ တွဲဖက်အတွင်းရေးမှူး ဦးသာဝင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းအောင်နှင့် တာဝန်ရှိသူတို့က ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော ဌာနဆိုင်ရာများနှင့် အသင်းဝင်များအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။ ယင်းနောက် မြို့နယ်အသင်း အလုပ်အမှုဆောင်အဖွဲ့၏ ရေးရာအလိုက် အစီရင်ခံစာများ ဖတ်ကြား၊ တင်သွင်းခြင်းနှင့် ရေးရာအလိုက် အစီရင်ခံစာ အပေါ်သုံးသပ်အကြံပြုကြရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးခင်ဝေက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်း ဖြေကြားသည်။ (၅၀၆)

အားကစား မြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဩဂုတ် ၃၁

ဩဂုတ် ၃၁ရက်နံနက် ၇နာရီက ဦးအောင်သန်း (ရွှေတောင်ကုမ္ပဏီ) သည် ကစားဖော်များဖြစ်ကြသော ဦးသိန်းအောင်(MRTV)၊ဦးမြင့်အောင် (MRTV)၊ Captain အေးနိုင် (Uniteam Marine)၊ Captain အောင်ကျော်စိုး (Air Mandalay) တို့နှင့်အတူ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ မြို့တော် ဂေါက်ကွင်း မြကန်သာကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် MAXFLI No.1 ဂေါက်သီးအား Callaway Iron-9 တုတ်ဖြင့် ရိုက်လိုက်ရာ ကိုက် ၁၂၀ အကွာရှိ ကျင်းအမှတ် ၁၁သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (သတင်းစဉ်)

မြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် ဩဂုတ် ၃၁

ဧရာဝတီမြစ်ရေသည် ယနေ့ နံနက် မြန်မာစံတော်ချိန် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၃၆၉ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၇ စင်တီမီတာ (၁ပေခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မုတ်သုံလေ အားနည်းနေမည်

ရန်ကုန် ဩဂုတ် ၃၁

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ဗန်းမော်မြို့တွင် ၂ဒသမ ၂၈လက်မ၊ မိုးကုတ်မြို့တွင် ၁ဒသမ၃၀ လက်မ၊ ပဲခူးမြို့တွင် ၁ဒသမ၁၄လက်မ၊ ကသာမြို့တွင် ဝဒသမ၉၀လက်မ၊ မောင်တောမြို့တွင် ဝဒသမ၈၃ လက်မနှင့် ရန်ကုန်(မြို့လယ်)တွင် ဝဒသမ၇၈လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားပျော့နေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

စက်တင်ဘာ ၁ရက်ညနေအထိ ခန့်မှန်းချက်။ ။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေအားနည်းနေမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၁ ဒသမ၆ ဒီဂရီစင်တီဂရိတ် (၈၉ ဒီဂရီဖာရင်ဟိုက်)	၃၀-၈-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၁ ဒသမ ၈ ဒီဂရီစင်တီဂရိတ် (၇၁ ဒီဂရီဖာရင်ဟိုက်)	၃၁-၈-၂၀၀၈
ဝ၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၅ ရာခိုင်နှုန်း	၃၁-၈-၂၀၀၈
နေပူသည့်နာရီပေါင်း ၂ ဒသမ ၃နာရီခန့်	၃၀-၈-၂၀၀၈

<u>မိုးရေချိန်</u>

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၃၁-၈-၂၀၀၈	မရှိပါ	၁မမ (ဝဒသမဝ၄လက်မ)	၂၀မမ (ဝဒသမ၇၈လက်မ)
၁-၁-၂၀၀၈မှ ယနေ့အထိ	၂၀၃၀ မမ (၇၉ဒသမ၉၂လက်မ)	၂၃၀၆မမ (၉၀ဒသမ ၇၉လက်မ)	၂၇၈၆မမ (၁၀၉ဒသမ ၆၈လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၃၀-၈-၂၀၀၈ရက် ၁၈း၃၀ နာရီတွင် တောင်ဘက်မှ တစ်နာရီ ခြောက်မိုင်နှုန်း တိုက်ခတ်သည်။

ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြော

ရန်ကုန် ဩဂုတ် ၃၁

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်အေးလွင်၊ ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ရုံးဦးစီးမှူး ဒုတိယရဲမှူး မြင့်အောင်၊ ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကိုကိုအောင်၊ ဒေါ်ခင်နှင်းအေးတို့သည် ဩဂုတ် ၃၀ ရက် မွန်းလွဲ ၂နာရီ ၁၀ မိနစ်မှ ညနေ ၄ နာရီခွဲအထိ လှိုင်သာယာမြို့နယ် ဒဂုံ-ဈေး အဝေးပြေးဝင်းရှိ စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး၌ အဝေးပြေး ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၄၇ ဦးအား ယာဉ်အန္တရာယ် ကင်းဝေးစေရေး လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောပို့ချခဲ့ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

ဂူစတပ်ဟာရီကိန်းမုန်တိုင်း ကျူးဘားသို့ ဝင်ရောက်

ဟာဗားနား ဩဂုတ် ၃၁

အပူပိုင်းမုန်တိုင်း ဂူစတပ်သည် အင်အားကောင်းလာပြီး ဟာရီကိန်းမုန်တိုင်း အဆင့် (၄)သို့ ရောက်ရှိကာ စနေနေ့တွင် ကျူးဘားနိုင်ငံ အနောက်ဘက်ကမ်းခြေကိုဝင်ရောက်မွှေနှောက်ပြီး ယခုအခါ ရေနံကြွယ်ဝသော မက္ကဆီကို ပင်လယ်ကွေ့နှင့် အမေရိကန်ပြည်ထောင်စု ကမ်းခြေဆီသို့ဦးတည်ရွေ့လျားနေပြီဖြစ်သည်။

ဂူစတပ်မုန်တိုင်းသည် ကျူးဘား အနောက်ဘက်ကမ်း ပီနာဒဲလ်ရီုင်ယိုပြည်နယ်ကို တစ်နာရီလျှင် ကီလိုမီတာ ၂၄၀ နှုန်းဖြင့် တိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။ လျှပ်စစ်ဓာတ်အား မီးတိုင်များကို လှဲချပစ်သည်။ သစ်ပင်များကို အမြစ်မှ ဖြိုလှဲပစ်သည်။

အာဏာပိုင်များက အဆိုပါပြည်နယ်မှ လူဦးရေ ၂၅၀၀၀၀ကို ကယ်ဆယ်ခဲ့ပြီးဖြစ်သည်ဟု ပြောသည်။ လူအသေအပျောက် မရှိကြောင်း ကျူးဘား တာဝန်ရှိသူများက ပြောသည်။

မြို့တော်တည်ရှိရာ ဟာဗားနားပြည်နယ်တွင် မုန်တိုင်းသည် လမ်းမများပေါ်မှ သစ်ပင်၊ အဆောက်အအုံများ၊ လျှပ်စစ်ဓာတ်မီးတိုင်များကို လှဲပစ်ခဲ့သည်။ ယင်းပြည်နယ်တွင် လူဦးရေ ၇၇၀၀၀ကို ကယ်ဆယ်နိုင်ခဲ့သည်။ ဂူစတပ်သည် မက္ကဆီကိုပင်လယ်ကွေ့သို့ ဝင်ရောက်တိုက်ခတ်သည့်အခါ ဟာရီကိန်း အဆင့် (၅)သို့ ရောက်ရှိမည်ဟု ခန့်မှန်းသည်။

အင်တာနက်။

ဂူစတပ်မုန်တိုင်းသည် ဟာရီကိန်းအဆင့် (၄)သို့ရောက်ရှိပြီး ကျူးဘားနိုင်ငံ အနောက်ဘက်ကမ်းခြေသို့ ဝင်ရောက်တိုက်ခတ်စဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဖိလစ်ပိုင်နိုင်ငံ အရှေ့ပိုင်းတွင် အင်အားအသင့်အတင့်ငလျင်လှုပ်

မနီလာ ဩဂုတ် ၃၁

ဖိလစ်ပိုင်နိုင်ငံအရှေ့ပိုင်းရှိ ဘီကိုးဒေသနှင့် မြောက်ပိုင်းရှိ ဆာမာဒေသတို့တွင် ဩဂုတ် ၃၀ရက် ညနေပိုင်းက အင်အား ၅ ဒသမ ၁ ရှိ မြေငလျင် လှုပ်ခတ်ခဲ့ကြောင်းနှင့် ပျက်စီးဆုံးရှုံးမှုများကို ချက်ချင်းမသိရှိရသေးကြောင်း ဒေသဆိုင်ရာသတင်းဌာနက တနင်္ဂနွေနေ့တွင် ကြေညာသည်။

အဆိုပါငလျင်သည် ဖိလစ်ပိုင်နိုင်ငံ ဆော်ဆိုဂွန်ပြည်နယ်မှ ၃၆ကီလိုမီတာအကွာ မြေအောက် ၁၁ကီလိုမီတာအနက်ကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင် မီးတောင်နှင့် မြေငလျင်လေ့လာရေးအဖွဲ့ (ဖီဘိုးလက်စ်)၏ပြောကြားချက်ကို ဒေသဆိုင်ရာသတင်းများတွင် ထည့်သွင်းဖော်ပြထားသည်။

ယင်းသည် ဒေသစံတော်ချိန် ညနေ ၈ နာရီ ၀၅ မိနစ်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ ငလျင်နှင့်ပတ်သက်၍ နောက်ဆက်တွဲသတင်းများကို မရရှိသေးကြောင်း သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ချယ်လ်ဆီးတို့ စတမ်းဖို့ဒ်ဘရစ်ချ်တွင် သရေကျပြီး အာဆင်နယ်ခြေစွမ်းပြ ဂိုးပြတ်အနိုင်ရသည့် ပရီမီယာလိဂ်ပွဲစဉ်(၃)

လန်ဒန် ဩဂုတ် ၃၁

၂၀၀၈-၂၀၀၉ ဘောလုံးရာသီရဲ့ ပရီမီယာလိဂ်ပွဲစဉ်(၃)ကို ဩဂုတ် ၃၀ ရက် (စနေနေ့)နဲ့ ၃၁ရက် (တနင်္ဂနွေနေ့) တို့မှာ ယှဉ်ပြိုင်ကစားခဲ့ပါတယ်။ စနေနေ့က ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်များအနက် အင်္ဂလန်နည်းပြတွေဖြစ်တဲ့ မက်ဂ်ဆန်ကိုင်တွယ်တဲ့ဘော်လ်တန်နဲ့ တိုနီမော်ဘရေးကိုင်တွယ်တဲ့ တန်းတက် ဝက်စ်ဘရွန်းတို့ တစ်ပွဲသာ သရေဖြစ်ခဲ့ကာ ကျန်ပွဲစဉ်များအားလုံး အနိုင်အရှုံးအဖြေပေါ်ခဲ့ပါတယ်။

သရေပွဲဖြစ်သွားတဲ့ လန်ဒန်ဒါဘီပွဲ

ယနေ့ညတွင် လန်ဒန်ဒါဘီပွဲတစ်ပွဲဖြစ်တဲ့ ချယ်လ်ဆီးနဲ့ စပါးတို့ပွဲမှာ တစ်ဖက်တစ်ဂိုးစီနဲ့ သရေပွဲဖြစ်ခဲ့ရပါတယ်။ ချယ်လ်ဆီးဟာ အိမ်ကွင်းဖြစ်ပေမယ့် ရာမို့စ်ရဲ့ စပါးကို အသာစီးမရရှိခဲ့ပါဘူး။ ချယ်လ်ဆီးမှာ နာနေတဲ့ ဘောလက်အစား ဘလက်တီကို ထည့်သွင်းကစားခဲ့တာကလွဲပြီး ယခင်ပွဲများက လူစာရင်းအတိုင်း ပွဲထွက်ခဲ့တာပါ။ စပါးကတော့ ဒါရင်ဘန့် တစ်ဦးတည်းကိုသာ အထောင်ထားပြီး ကွင်းလယ်ငါးယောက်နဲ့ ချယ်လ်ဆီးကို ခံကစားသွားခဲ့ပါတယ်။ ပွဲစတာနဲ့ ချယ်လ်ဆီးတို့ စပါးဘက်ကို ဖိအားပေးနိုင်ခဲ့ပေမယ့် ဂိုးသွင်းသေချာမှုမရှိတာကြောင့် စောစောစီးစီး ဂိုးမရခဲ့တာပါ။ ပွဲချိန် ၂၈မိနစ်အရောက်မှာ ဒေကိုတင်ပေးတဲ့ ထောင့်ကန်ဘောမှတစ်ဆင့် ဘလက်တီက အသာအယာပိတ်သွင်းပြီး ချယ်လ်ဆီးအတွက် ဦးဆောင်ဂိုးသွင်းပေးခဲ့ပါတယ်။ ပထမပိုင်း ၄၅ မိနစ်ပြည့်လို့ နာကျင်အချိန်ပို အရောက်မှာ လမ်းပတ်က ဘောလုံးကို နောက်ပြန်ထိုးပေးရာ လူပေးမှားပြီး ဒါရင်ဘန့်ရရှိသွားကာ ပီတာချက်ချ်နဲ့ တစ်ယောက်ချင်းအတွေ့မှာ စပါးအတွက်ချေပဂိုးကို သွင်းပေးနိုင်ခဲ့ပါတယ်။ နောက်ပိုင်းမှာ နှစ်သင်းလုံး ဂိုးရရန် ကြိုးစားခဲ့သော်လည်း ပွဲအပြီးတွင် တစ်ဖက်တစ်ဂိုးစီဖြင့်သာ သရေပွဲဖြစ်ခဲ့ရပါတယ်။ ယနေ့ပွဲဟာ ချယ်လ်ဆီးနည်းပြသစ် စကိုလာရီအတွက် ပထမဦးဆုံး လန်ဒန်ဒါဘီပွဲပဲဖြစ်ပါတယ်။

အာဆင်နယ်ခြေစွမ်းပြ

ပွဲစဉ်(၂)မှာ ဖူလ်ဟမ်လိုအသင်းကို ရှုံးခဲ့တာကြောင့် ဖိအားတွေနဲ့ရင်ဆိုင်ခဲ့ရတဲ့ အာဆင်နယ်ဟာ ယခုအိမ်ကွင်းမှာ မန်ယူကို သရေကစားနိုင်ခဲ့တဲ့ ကီးဂန်းရဲ့နယူးကာဆယ်ကို လှပစွဲမက်စရာ ကစားကွက်တွေနဲ့အတူ သုံးဂိုး ဂိုးမရှိနဲ့ ဂိုးပြတ်အနိုင်ယူခဲ့ပါတယ်။ အာဆင်နယ်ကွင်းလယ်မှာ ရိုဆစ်စကီးမပါဝင်နိုင်သေးပေမယ့် ဝင်းဂါးအားအထားရဆုံး ကွင်းလယ်ဖန်တီးရှင် ဖာဘရီဂက်စ် ပြန်လည်ပါဝင်လာတာကြောင့် အာဆင်နယ်တို့ ကစားပုံဟာ ယခင်ပွဲတွေကထက် ပိုမိုကောင်းမွန်လာခဲ့ပါတယ်။ အာဆင်နယ်အတွက် ဂိုးများကို ပွဲချိန် ၁၈ မိနစ်မှာရတဲ့ ပယ်နယ်တီ ဂိုးကို ဗန်ပါစီက အမှားအယွင်းမရှိ ကန်သွင်းယူနိုင်ခဲ့ပါတယ်။ ပွဲချိန် ၄၁ မိနစ်မှာ ဗန်ပါစီကပဲ ဒုတိယဂိုးနဲ့ ပွဲချိန် ၅၈မိနစ်မှာ ဒီနယ်ဆင်က တတိယဂိုးသွင်းယူပြီး နယူးကာဆယ်ကို ဂိုးပြတ်နဲ့ အနိုင်ယူနိုင်ခဲ့ပါတယ်။ ဒီပွဲရဲ့ Man of The Match ဆုကိုတော့ ဗန်ပါစီကရရှိခဲ့ပါတယ်။

ပရီမီယာလိဂ်ပွဲစဉ်(၃)အပြီး အခြားပွဲစဉ်များ၏ ရလဒ်များမှာ ပို့စ်မောက်က အဲဗာတန်ကို ၃း၀၊ ဝီဂန်က ဟူးလ်စီးတီးကို ၅း၀၊ မစ်ဒယ်ဘရော့က စတုတ်စီးတီးကို ၂း၁၊ ဝက်စ်ဟမ်းက ဘလက်ဘန်းကို ၄း၁၊ မန်စီးတီးက ဆန်းဒါးလန်းကို ၃း၀၊ ဗီလာနဲ့ လီဗာပူး၊ ဘော်လ်တန်နဲ့ ဝက်စ်ဘရွန်းတို့မှာ ဂိုးမရှိသရေကျသွားခဲ့သည်။

ကားလင်းဖလား တတိယအဆင့် ပွဲစဉ်များရေးဆွဲပြီး လက်ရှိချန်ပီယံ စပါး၊ မန်ယူနှင့် ချယ်လ်ဆီးတို့ ပွဲကျပ်

လန်ဒန် ဩဂုတ် ၃၁

ကားလင်းဖလား တတိယအဆင့် ပွဲစဉ်များကို စနေနေ့ကရေးဆွဲခဲ့ပြီး ယင်းတတိယအဆင့် ပြိုင်ပွဲများကို စက်တင်ဘာလလယ်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ယခုတတိယအဆင့်တွင် မန်ယူ၊ ချယ်လ်ဆီးနှင့် စပါးတို့မှာ ပွဲကျပ်ကစားရမည်ဖြစ်ပြီး အာဆင်နယ်၊ လီဗာပူးနှင့် ဗီလာတို့မှာ အောက်တန်းအသင်းများနှင့် အိမ်ကွင်းတွင် ကစားရမည်ဖြစ်သည်။

လက်ရှိကားလင်းဖလားချန်ပီယံ စပါးမှာ နယူးကာဆယ်နှင့် အဝေးကွင်းကစားရမှာ ဖြစ်ခြင်းကြောင့် ရာမို့စ်အတွက် ပွဲကျပ်နှင့် ရင်ဆိုင်ရခြင်းဖြစ်သည်။ မန်ယူကမူ အမြဲတမ်း ကစားရခက်ခဲတတ်သည့် ဆောက်ဂိတ်ကိုင်တွယ်သော မစ်ဒယ်ဘရော့နှင့် ကစားရမည်ဖြစ်ပြီး ပရီမီယာလိဂ်တွင် တာထွက်ကောင်းနေသည့် စကိုလာရီ၏ ချယ်လ်ဆီးက အက်ဖ်အေချန်ပီယံ ရက်နက်ပ်၏ ပို့စ်မောက်နှင့် ရင်ဆိုင်ရမည်ဖြစ်ခြင်းကြောင့် စပါး၊ မန်ယူနှင့် ချယ်လ်ဆီးတို့ ယခုအဆင့်တွင် ပွဲကျပ်သည်ဟု ဆိုရမည်ဖြစ်သည်။ အာဆင်နယ်၊ လီဗာပူးနှင့် ဗီလာတို့မှာ အောက်တန်းမှ အသင်းများနှင့် အိမ်ကွင်းတွင် ဧည့်ခံကစားရမည်ဖြစ်ခြင်းကြောင့် နောက်တစ်ဆင့်သို့ အလွယ်တကူပင် တက်လှမ်းနိုင်ဖို့ အခြေအနေ အလွန်ကောင်းနေသည်။ မန်စီးတီးအသင်းယူအီးအက်ဖ်အေ ကစားရန်ရှိခြင်းကြောင့် ရွှေ့ဆိုင်းခဲ့ရသည့် ဘရိုက်တန်နှင့် မန်စီးတီးပွဲမှ အနိုင်ရသောအသင်းသည် ယမန်နှစ်က ပရီမီယာလိဂ်မှ တန်းဆင်းသွားသည့် ဒါဘီအသင်းနှင့် အိမ်ကွင်း၌ ကစားရမည်ဖြစ်သည်။

ကားလင်းဖလား တတိယအဆင့် ပွဲစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

အာဆင်နယ်	-	**ရှက်ဖီးယူနိုက်တက်**
ဘန်လေ	-	**ဖူလ်ဟမ်**
ပို့စ်မောက်	-	**ချယ်လ်ဆီး**
ဘလက်ဘန်း	-	**အဲဗာတန်**
ရိုတာဟမ်	-	**ဆောက်သမ်သန်**
ဆွမ်ဆီး	-	**ကာဒစ်ဖ်**
အက်စ်ဝစ်ချ်	-	**ဝီဂန်**
စတုတ်စီးတီး	-	**ရီးဒင်း**
လီဒ်စ်	-	**ဟာတဲလ်ပိုးလ်**
ဝက်ဖို့ဒ်	-	**ဝက်စ်ဟမ်း**
မန်ယူ	-	**မစ်ဒယ်ဘရော့**
လီဗာပူး	-	**ခရူဝီ**
ဗီလာ	-	**ကျူပီအာရ်**
ဆန်းဒါးလန်း	-	**နော့သမ်တန်**
နယူးကာဆယ်	-	**စပါး**
ဘရိုက်တန်(သို့)မန်စီးတီး	-	**ဒါဘီ**

ဝင်းတင် (ကြေးမုံ)

စီချွမ်ငလျင် သေဆုံးသူ ၂၅ဦးရှိလာ

ပေကျင်း ဩဂုတ် ၃၁

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်နှင့် ယူနန်ပြည်နယ်တို့တွင် ဩဂုတ် ၃၀ရက်က ပြင်းအား ၆ဒသမ ၁ရှိ ငလျင်လှုပ်ခဲ့ရာသေဆုံးသူဦးရေ ၂၅ဦးအထိရှိလာကြောင်း၊ အိုးအိမ် ၁၀၀၀၀၀ ကျော် ပျက်စီးသွားကြောင်း၊ လူဦးရေ ၄၄၀၀၀၀ ဒုက္ခရောက်နေကြောင်း နိုင်ငံပိုင်သတင်းဌာနများက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။ ကျောင်းပေါင်း ၆၅၆ ကျောင်း ပျက်စီးသွားကြောင်း၊ မိုးရွာသွန်းခြင်းနှင့် မြေပြင်အနေအထား ကြမ်းတမ်းမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများမှာ နှောင့်နှေးနေရကြောင်းနှင့် လက်ကိုင်ဖုန်းများကို အသုံးပြုရာတွင်လည်း အဆင်မပြေကြောင်း ဆင်ဟွာသတင်းဌာနက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ **အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား**

မြန်မာ့မီးရထားအနေဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုကို အရေအတွက်ရော အရည်အချင်းပါမြှင့်တင် လက်ရှိစက်ခေါင်းမွမ်းမံပြင်ဆင်မှုသာမက စက်ခေါင်းသစ်တည်ဆောက်ရေးကဏ္ဍသစ်ပါ တိုးချဲ့ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၃၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်စက်ခေါင်းစက်ရုံ အစည်းအဝေးခန်းမ၌ အထွေထွေမန်နေဂျာ (စက်ရုံ) ဦးစောဗယ်လင်တိုင်းက စက်ခေါင်းအသစ် ထပ်မံတည်ဆောက်နေမှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း အင်းစိန်မြို့ပတ်ဒီဇယ်စက်ရုံ၌ စက်ခေါင်းများ စစ်ဆေးပြုပြင်မွမ်းမံနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

ဝန်ကြီးက မြန်မာ့မီးရထားအနေဖြင့် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်မှုကို အရေအတွက်ရော အရည်အချင်းပါ မြှင့်တင်ပေးရမည်ဖြစ်ရာ အင်းစိန်စက်ခေါင်းစက်ရုံသည် လက်ရှိစက်ခေါင်းမွမ်းမံပြင်ဆင်မှု လုပ်ငန်းသာမက စက်ခေါင်းသစ် တည်ဆောက်ရေး ကဏ္ဍသစ်တစ်ရပ်ကိုပါ တိုးချဲ့ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုများ တိုးချဲ့ရာတွင် စက်ရုံတွင်းသင်တန်းများ၊ စက်ရုံပြင်ပလုပ်ငန်းဆိုင်ရာ သင်တန်းများ၊

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲနှင့် အသက်(၂၀)အောက် ဘတ်စကက်ဘောပြိုင်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၃၁

၂၀၀၈ခုနှစ် အမျိုးသားတံခွန်စိုက် အလွတ်တန်းပြိုင်ပွဲနှင့် အသက်(၂၀)အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက် ၈နာရီမှစ၍ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပသည်။

ယနေ့ကျင်းပသောပြိုင်ပွဲများတွင်အသက်(၂၀)အောက် အမျိုးသားပြိုင်ပွဲတွင် မိုးကုတ်အသင်းက Eragon (B)အသင်းကို (၉၃-၃၇)မှတ်၊ Furious အသင်းက B.Boy အသင်းကို (၅၅-၄၃)မှတ်၊ Eragon (A) အသင်းက

စာမျက်နှာ ၉ ကော်လံ ၃ သို့ ○

ယှဉ်ပြိုင်ကစား

အသက်(၂၀)အောက် အမျိုးသားပွဲစဉ်အဖြစ် Golden Lighthouse အသင်းနှင့် K.K.S အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

(ကြေးမုံ)

တရုတ်နိုင်ငံမှ တတိယမြောက် အာတိတ်စူးစမ်းလေ့လာရေးအဖွဲ့ မြောက်ဘက်အစွန်ဆုံး ဝင်ရိုးစွန်းဒေသသို့ ရောက်ရှိသုတေသနပြု

ဆူးလုန် (သုတေသနသင်္ဘော) ဩဂုတ် ၃၁

အာတိတ်ဒေသ၏ မြောက်ဘက်အစွန်ဆုံး နေရာဖြစ်သော မြောက်လတ္တီတွဒ် ၈၇ ဒီဂရီ ဒေသကို လေ့လာသုတေသနပြုလုပ်မည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တတိယမြောက် အာတိတ်ဒေသ စူးစမ်းလေ့လာရေးအဖွဲ့သည် အဆိုပါဒေသသို့ ရောက်ရှိသွားပြီဖြစ်ရာ သုတေသနလုပ်ငန်းများကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

သိပ္ပံပညာရှင်အဖွဲ့ လိုက်ပါလာသော ရဟတ်ယာဉ်သည် ၈၇မိနစ်ကြာမျှ ပျံသန်းခဲ့ပြီးနောက် ရွေ့မျောနေသော ရေခဲပြင်ကြီးတစ်ခုပေါ်သို့ ဆင်းသက်ခဲ့ကြောင်း၊ သုတေသနလုပ်ငန်းအတွက် ဓာတ်ပုံနှင့် ဗီဒီယိုများကိုလည်း ရဟတ်ယာဉ်ပေါ်မှ ရိုက်ကူးခဲ့ကြကြောင်း သိရသည်။

သိပ္ပံသုတေသန ပညာရှင်အဖွဲ့ခေါင်းဆောင် ကျန်းဟိုင်ရှန်းက ယခုသုတေသနခရီးစဉ်သည်လတ္တီတွဒ်အမြင့်ပိုင်းဒေသကို လေ့လာသည့် ပထမဆုံး

စာမျက်နှာ ၉ ကော်လံ ၅ သို့ ●

တရုတ်နိုင်ငံမှ အာတိတ်ဒေသ စူးစမ်းလေ့လာရေးသင်္ဘော Xue Long (နှင်းနဂါး) ကို ဝင်ရိုးစွန်းဒေသ၌ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)